ဖက်ဒရယ်ပညာပေးစာစဉ်

အမှတ် ( ၇ )

# ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူနည်းစုများ၏အခွင့်အရေးကို ကာကွယ်ခြင်း

## State Constitution & Protection of Minority Rights

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည်။

## အယ်ဒီတာအဖွဲ့

**ဆလိုင်းလျန်မှုန်း**
**ကိုကျော်စွာ**
**ကိုအေရွှန်**
**ဂရေ့စ်**
**ကြေးသား**

### ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ဖက်ဒရယ်စနစ်အတွင်း ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့်ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းအား လေ့လာခြင်း | - ၂၀၂၆ ၊ ဧပြီလ |
| ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း | - ၂၀၂၆ ၊ ဧပြီလ |
| ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများအား ကာကွယ်ရေးနှင့် မြှင့်တင်ရေး | - ၂၀၂၆၊ ဧပြီလ |

**အမျိုးသားညီညွတ်ရေးအစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏**
**ပေါ်လစီစာတမ်းမဟုတ်ပါ။ ဖက်ဒရယ်ပညာပေးစာစဉ်သာဖြစ်သည်။**

မာတိကာ

## အပိုင်း (၁)


အခန်း ၁။ ဖက်ဒရယ်စနစ်အတွင်း ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းအား လေ့လာခြင်း

အခန်း ၂။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း


## အပိုင်း (၂)


အခန်း ၃။ ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများအား ကာကွယ်ရေးနှင့် မြှင့်တင်ရေး

အပိုင်း (၁)

# ဖက်ဒရယ်စနစ်အတွင်း ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းအား လေ့လာခြင်းနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

# အခန်း (၁)
# ဖက်ဒရယ်စနစ်အတွင်း ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းအား လေ့လာခြင်း

## ၁။ နိဒါန်း

ယနေ့ကမ္ဘာပေါ်တွင် ဖက်ဒရယ်နိုင်ငံရေးစနစ်ကို ကျင့်သုံးလျက်ရှိသော နိုင်ငံများအရေအတွက်မှာ ပညာရှင်များ၏ သတ်မှတ်ချက်နှင့် အကဲဖြတ်မှုများအပေါ် မူတည်၍ ခန့်မှန်းအားဖြင့် ၂၅ မှ ၂၇ နိုင်ငံခန့် ရှိသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ထိုဖက်ဒရယ်နိုင်ငံများအတွင်း ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခွင့်ပေးထားခြင်းရှိသကဲ့သို့ မပေးထားခြင်းလည်း တွေ့ရသည်။

ဤသုတေသနစာတမ်းသည် ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိ/မရှိ အခြေအနေကို နှိုင်းယှဉ်လေ့လာပြီး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရှိသည့် ဖက်ဒရယ်ယူနစ်များတွင် တွေ့ရှိရသော ဘုံဖွဲ့စည်းပုံဆိုင်ရာလက္ခဏာများကို စနစ်တကျ သုံးသပ်တင်ပြရန် ရည်ရွယ်သည်။

## ၂။ ဖက်ဒရယ်ယူနစ်များအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခွင့်ပေးထားသော နိုင်ငံများ

ဖက်ဒရယ်နိုင်ငံအချို့တွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခွင့်ပြုထားသည်။ ထိုနိုင်ငံများတွင်—

- United States – ပြည်နယ် ၅၀ လုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်။
- Switzerland – ကန်တွန် ၂၆ ခုလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်။
- Germany – Länder ၁၆ ခုလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်။
- Austria – Länder ၉ ခုလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်။
- Brazil – ပြည်နယ် ၂၆ ခုနှင့်ဖက်ဒရယ်ခရိုင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်။

- Mexico – ပြည်နယ် ၃၁ ခုနှင့် မက္ကဆီကိုစီးတီးတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရှိသည်။
- Argentina – ပြည်နယ် ၂၃ ခုနှင့် Buenos Aires မြို့တော်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေများ ရှိသည်။
- Venezuela – ပြည်နယ် ၂၃ ခုလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိသည်။
- Nigeria – ပြည်နယ် ၃၆ ခုလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိသည်။
- Ethiopia – လူမျိုးစုအခြေပြု ပြည်နယ် ၁၁ ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိသည်။
- Bosnia and Herzegovina – နိုင်ငံရေးအသိုက်အဝန်း ၂ ခုတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေများ ရှိသည်။
- Comoros – ကျွန်း ၃ ကျွန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိသည်။
- South Sudan – ပြည်နယ် ၁၀ ခုတွင် ဖွဲ့စည်းပုံဆိုင်ရာဥပဒေများ ရှိသည်။
- Somalia – de jure ဖက်ဒရယ်စနစ်အဖြစ် ဖက်ဒရယ်ယူနစ်များတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေများ တောင်းဆိုထားသည်။

၃။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသည့် သို့မဟုတ် အားနည်းသည့် ဖက်ဒရယ်စနစ်များ

အချို့ဖက်ဒရယ်နိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအား လုပ်ပိုင်ခွင့် အာဏာများ ခွဲဝေပေးထားသော်လည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိခြင်း သို့မဟုတ် အလွန်အားနည်းခြင်း တွေ့ရသည်။ ဥပမာ–

- India – ပြည်နယ်များသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရသာ လည်ပတ်သည်။
- Canada – ပြည်နယ်များတွင် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေမရှိ (အချို့တွင်တစိတ် တပိုင်းဖွဲ့စည်းပုံဆိုင်ရာ ဥပဒေများရှိသည်)။
- Russia – Republic များတွင် အခြေခံဥပဒေရှိသော်လည်း oblast နှင့် krai များ တွင် charter များသာရှိသည်။

- Pakistan – ပြည်နယ်များအား ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုက်ရိုက် စီမံသည်။
- Malaysia – ပြည်နယ်ဖွဲ့စည်းပုံများရှိသော်လည်း ဖက်ဒရယ်ဖွဲ့စည်းပုံအောက်တွင် တင်းကျပ်စွာ ချည်နှောင်ထားသည်။
- United Arab Emirates – စော်ဘွားပြည်နယ်များတွင် ပြည်နယ်ဖွဲ့စည်းပုံမရှိ။
- Belgium – ဒေသများနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော်လည်း သီးခြားဖွဲ့စည်းပုံမရှိ။

အကျဉ်းချုပ်အားဖြင့် ကမ္ဘာ့ဖက်ဒရယ်နိုင်ငံများ၏ ထက်ဝက်ကျော်ခန့်သည် ယူနစ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ခွင့်ပြုထားပြီး ကျန်နိုင်ငံများသည် ပြည်ထောင်စုဖွဲ့စည်းပုံအောက်တွင်သာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကျင့်သုံးကြသည်။

## ၄။ ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ဘုံလက္ခဏာများ

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရှိသည့် ဖက်ဒရယ်ယူနစ်များ၏ လေ့လာချက်အရ အောက်ပါ ဘုံဖွဲ့စည်းပုံဆိုင်ရာ လက္ခဏာများ တွေ့ရသည်—

(၁) နိဒါန်း (Preamble)

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းသည် နိဒါန်းအပိုဒ်ဖြင့်စတင်သည်။ အများအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး အခြေတည်ထားသော ကျောရိုးတန်ဖိုးအထိုင်များကို ဖော်ပြသည်။ ဥပမာ – ပြည်သူတို့၏ အချုပ်အခြာအာဏာ၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လူမှုတရားမျှတမှု၊ အခွင့်တူညီမျှမှု၊ ဒီမိုကရေစီ စသည့် တန်ဖိုးများကို ဖော်ပြလေ့ရှိသည်။ မိမိတို့ဖက်ဒရယ်ယူနစ်အတွင်း ကျင့်သုံးမည် ဖြစ်သော နိုင်ငံရေးအိုင်ဒီယိုလိုဂျီထဲမှ အဓိကကျသော တန်ဖိုးနှုန်းစံများကိုလည်း ဖော်ပြလေ့ရှိသည်။

(၂) အခြေခံအခွင့်အရေးများ/အခွင့်အရေးကြေညာခြင်း (Bill of Rights / Declaration of Rights)

အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို အာမခံရသည်။ အစိုးရများမှ တာဝန်ယူဖြည့်ဆည်းပေးရမည့်အခွင့်အရေးများ (Positive rights) အစိုးရများက ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ဘဲ အပြည့်အဝ အကာအကွယ်ပေးရမည့် အခွင့်အရေးများ (Negative Rights) ကို တိကျစွာရှင်းလင်းစွာ ဖော်ပြသည်။ နိုင်ငံရေး၊ ပြည်သူ့အရပ်သားအခွင့်အရေး၊ စီးပွားရေး၊

လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ဖော်ပြသည်။ ဥပမာ – လွတ်လပ်စွာပြော ဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ သတင်းလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ တရားဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှရေး၊ တန်းတူညီမျှ အကာအကွယ်ခံပိုင်ခွင့်၊ အလုပ်သမားအခွင့် အရေး၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးသည်။

(၃) အာဏာပိုင်းခြားကျင့်သုံးခြင်း (Separation of Powers)

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများအားလုံးသည် တူညီသော အာဏာမဏ္ဍိုင် သုံး ရပ်ကို ပိုင်းခြားကျင့်သုံး ပြဋ္ဌာန်းထားလေ့ရှိသည်။ ဥပဒေပြုရေး (ဥပဒေပြုသူများ၊ အများအား ဖြင့် unicameral (ဖက်ဒရယ်ယူနစ်လွှတ်တော် ၁ ရပ်တည်းထားရှိပြီး အမေရိကန်ပြည်ထောင်စု တွင် ပြည်နယ်တခုမှလွဲ၍ ဖက်ဒရယ်ယူနစ်လွှတ်တော် လွှတ်တော် ၂ ရပ် (bicameral) ထားရှိ သည့်စနစ် ကျင့်သုံးသည်။ )

- အုပ်ချုပ်ရေးအာဏာမဏ္ဍိုင် (အုပ်ချုပ်ရေးအကြီးအမှူးနှင့် အခြားရွေးချယ် ခံအရာရှိများ)၊
- တရားစီရင်ရေးအာဏာမဏ္ဍိုင် (ဖက်ဒရယ်ယူနစ်တရားရုံးများ၊ ရွေးကောက် တင်မြှောက်ထားသော တရားသူကြီးများ)၊

(၄) ဥပဒေပြုရေးအာဏာမဏ္ဍိုင် (Legislative Branch)

ဖက်ဒရယ်ယူနစ်အတွင်းရှိနေသော လူဦးရေပေါ် မူတည်ပြီး ကိုယ်စားလှယ်အရေ အတွက် ကွဲပြားနိုင်သည်။ လွှတ်တော်များ၏ အရွယ်အစားသည် ကွာနိုင်သည်။ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယူနစ်ဥပဒေပြုလွှတ်တော်၏လုပ်ပိုင်ခွင့်အာဏာများ အသေးစိတ်၊ လွှတ်တော်ကိုယ်စားလှယ်များ၏အရည်အချင်းများ၊ ရွေးကောက်ပုံများ၊ သက်တမ်း၊ စည်းမျဉ်း စည်းကမ်းများ၊ လွှတ်တော်ကျင်းပချိန်/ ရပ်နားချိန်၊ ဥပဒေပြုရန် ဆုံးဖြတ်ချက်ချမှတ်ပုံလုပ် ငန်းစဉ်၊ လွှတ်တော် ဥက္ကဋ္ဌ/ ဒုဥက္ကဋ္ဌများ ၏အရည်အချင်းများ၊ ရွေးချယ်ပုံ၊ သဘာပတိအခွင့် အာဏာများ၊ စွပ်စွဲပြစ်တင်ခြင်း၊ အသစ်ရွေးချယ်ခြင်း၊ ယူနစ်လွှတ်တော်ဆိုင်ရာလိုအပ်သော အခြားသောလုပ်ထုံးလုပ်နည်းများကို ဖော်ပြသည်။

(၅) အုပ်ချုပ်ရေးမဏ္ဍိုင် (Executive Branch)

ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အုပ်ချုပ်ရေး အကြီးအမှူးအား ရွေးကောက်/ ရွေးချယ် ခန့်အပ်ရာတွင် အသုံးပြုမည့် ရွေးကောက်ပွဲစနစ် (သမ္မတစနစ် (ပြည်သူမှတိုက်ရိုက်ရွေးကောက်) သို့မဟုတ် လွှတ်တော်မှ ရွေးချယ်ခန့်အပ်သည့်စနစ်ပေါ် မူတည်၍ အုပ်ချုပ်ရေးမဏ္ဍိုင် အကြီး အကဲအားခန့်အပ်နိုင်သည်။ ဖက်ဒရယ်ယူနစ်အစိုးရအဖွဲ့ဝင်များကို ယူနစ်၏လုပ်ပိုင်ခွင့်အာဏာ

ခွဲဝေထားမှုအပေါ် မူတည်၍ ဒုအုပ်ချုပ်ရေးအကြီးအမှူး၊ လိုအပ်သော၀န်ကြီးဌာန ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်ချုပ်စသဖြင့် ခန့်အပ်မည်ဖြစ်ကြောင်း ဖော်ပြသည်။ ယူနစ်၏ လုပ်ပိုင်ခွင့်အာဏာခွဲဝေထားမှုအပေါ် မူတည်၍ ဖက်ဒရယ်ယူနစ် အုပ်ချုပ်ရေး အကြီးအမှူးအပါအဝင် ယူနစ်အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဖော်ပြသည်။

ဆုံးဖြတ်ချက်ချမှတ်ပုံလုပ်ငန်းစဉ်၊ အစိုးရအဖွဲ့ဝင်များ၏အရည်အချင်းများ၊ ရွေးချယ်ပုံ၊ အခွင့်အာဏာများ၊ စွပ်စွဲပြစ်တင်ခြင်း၊ အသစ်ရွေးချယ်ခြင်း၊ ယူနစ်၏အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်သည့်အခြားသော လုပ်ထုံးလုပ်နည်းများကို ဖော်ပြသည်။

(၆) တရားစီရင်ရေးမဏ္ဍိုင်

တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးပုံအပေါ် အခြေခံပြီး ပြည်ထောင်စုတဝန်းလုံး လွှမ်းခြုံကျင့်သုံးသည့် တရားစီရင်ရေးစနစ် (သီးခြားတရားရုံးစနစ် နှစ်ခုထားရှိသောစနစ် (Dualist Court Systems)၊ စုစည်းထားသောတတရားရုံးစနစ်များ (Integrated Court Systems)၊ တခုတည်းသောတရာရုံးစနစ် (Single Court Hierarchy) ပေါ်မူတည်၍ ဖက်ဒရယ်ယူနစ်တရားရုံးစနစ် (တရားခွင်တရားရုံးများ၊ အယူခံတရားရုံးများနှင့် ပြည်နယ်တရားလွှတ်တော်ချုပ်) ကို ထားရှိတတ်သည်။ ယူနစ်တရားသူကြီးများကို ရွေးကောက် သို့မဟုတ် ရွေးချယ်ခန့်အပ်မည့်နည်းလမ်းကို ဖော်ပြရမည်။ ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေများက သတ်မှတ်ထားသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်၊ တရားစီရင်ရေး စွမ်းဆောင်ရည်၊ တရားရုံးစည်းကမ်းများ ဖော်ပြထားရမည်။

(၇) ဒေသန္တရအစိုးရဆိုင်ရာ ပြဋ္ဌာန်းချက်များ (Local Government Provisions)

ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးသည်ဒေသန္တရအစိုးရများ (ခရိုင်၊ မြူနီစီပယ်၊ မြို့နယ်များ) ဖွဲ့စည်းစီမံမှုအတွက် ပြဋ္ဌာန်းထားသည်။ ဒေသန္တရအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများအား ဖော်ပြသည်။ ကျောင်းများစီမံခန့်ခွဲခြင်း၊ နယ်မြေသတ်မှတ်ခြင်း၊ ဒေသန္တရအခွန်များကဲ့သို့သော ဒေသဆိုင်ရာလုပ်ပိုင်ခွင့်များကို ဖော်ပြပါသည်။

(၈) ယူနစ်ဖွဲ့စည်းပုံပြင်ဆင်ရေးလုပ်ငန်းစဉ် (Amendment Process)

ဖက်ဒရယ်ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် ပြင်ဆင်ရန် လုပ်ထုံးလုပ်နည်းများ ပါရှိသည်။

ဘုံနည်းလမ်းများ–

ဥပဒေပြုရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးအဆိုပြုချက် → မဲဆန္ဒရှင်များ၏ အတည်ပြုချက်လိုအပ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် → မဲဆန္ဒရှင် အတည်ပြုချက်လိုအပ်။

လူထုဆန္ဒခံယူပွဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ– ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲမှုမှန်သမျှကို ပြည်သူက အတည်ပြုရမည်။

ပြည်သူများမှအစပျိုးဆောင်ရွက်မှု– နိုင်ငံသားများသည် လုံလောက်သော အရေအတွက်ဖြင့် ပြင်ဆင်လိုသည့်အချက်အားအဆိုပြုနိုင်သည်။

(၉) အပြန်အလှန်ထိန်းကြောင်းခြင်း/ထိန်းညှိခြင်း (Checks and Balances)

အာဏာမဏ္ဍိုင် ၃ ရပ်အကြား အပြန်အလှန်ထိန်းကြောင်း/ ထိန်းညှိခြင်းကို သက်ဆိုင်ရာအခန်းများတွင် လိုသလို ချိန်ညှိရေးသားရမည်။ ဥပမာ – အုပ်ချုပ်ရေးအကြီးအမှူးများသည် ဘတ်ဂျက်များပေါ်တွင် အကြောင်းအရာအလိုက် ဗီတိုအာဏာများ ကျင့်သုံးနိုင်သည်။ ဥပဒေပြုလွှတ်တော်များသည် ဗီတိုအာဏာကို ကျော်လွှန်နိုင်သည်။ တရားစီရင်ရေးအာဏာမှ အခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ စောင့်ကြည့် နိုင်သည်။

(၁၀) ပညာရေးနှင့် ပြည်သူ့ရေးရာမူဝါဒ (Education & Public Policy)

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးသည် ပြည်သူများအား ပညာရေးအခွင့်အလမ်းပေးနိုင်ရန် လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ အခွန်စည်းကြပ်ကန့်သတ်ချက်များ၊ အခြေခံအဆောက်အဦနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုဝန်ထမ်းတာဝန်များ၊ သက်သာချောင်ချိရေး သို့မဟုတ် ကျန်းမာရေးအခွင့်အရေးပြဋ္ဌာန်းချက်များ ပါဝင်သည်။ ဒေသဆိုင်ရာတန်ဖိုးများနှင့် ဦးစားပေးမှုများကို ထင်ဟပ်စေရသည်။ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာအခွင့်အရေးများကို အကောင်အထည်ဖော်ရန် ဖော်ပြချက်များပါရှိရသည်။

(၁၁) ဘဏ္ဍာရေးနှင့် အခွန်ကောက်ခံခြင်း (Finance and Taxation)

ပြည်ထောင်စုတဝန်းလုံးကျင့်သုံးသော အခွန်စနစ်နှင့်လိုက်လျောညီထွေဖြစ်ကြောင်းဖော်ပြရသည်။ ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အခွန်ကောက်ခံခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအတွက် စည်းမျဉ်းများချမှတ်ထားသည်။ အခွန်ပေးဆောင်ရန် ပြည်သူများကိုစည်းရုံးရာတွင် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မည့်နည်းလမ်းများ ဖော်ပြရသည်။

ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြင်ပမှငွေချေးယူခြင်းကို ကန့်သတ်ပြီး အခွန်ကောက်ခံခြင်းဆိုင်ရာစည်းမျဉ်းများ ချမှတ်လေ့ရှိသည်။ အသုံးစရိတ်ဆိုင်ရာတာဝန်နှင့် လိုက်လျောညီထွေဖြစ်သော ရငွေဆိုင်ရာမူဝါဒများကို ရေးဆွဲမည်ဖြစ်ကြောင်းဖော်ပြကြရသည်။

(၁၂) အချုပ်အခြာအာဏာနှင့် ပြည်သူများပါဝင်နိုင်ခြင်း (Sovereignty and Popular Participation)

ဖက်ဒရယ်ယူနစ်တခုစီသည် ဖက်ဒရယ်စနစ်အတွင်း အချုပ်အခြာအာဏာ (Internal Sovereignty) ရှိသည်။ အုပ်ချုပ်မှုတွင် နိုင်ငံသားများအား ပါဝင်ခွင့်များပေးအပ်သည်- ဆန္ဒခံယူပွဲများ၊ ပြည်သူလူထုနှင့်အတိုင်ပင်ခံခြင်း၊ အုပ်ချုပ်ရေးမှူးများ သို့မဟုတ် ဥပဒေပြု အမတ်များအတွက် ရွေးကောက်ပွဲများ၊ ဒေသန္တရအာဏာပိုင်များကို တိုက်ရိုက်ရွေးကောက် တင်မြှောက်ခြင်း။

(၁၃) အစိုးရများအကြား ဆက်ဆံရေး (Inter-governmental Relation)

ပြည်ထောင်စုစနစ်အတွင်းအာဏာခွဲဝေထားမှုအရ အစိုးရခြင်းအကြား အထိရောက် ဆုံးပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ယန္တယားများကို တည်ဆောက်ပါဝင်မည် ဖြစ်ကြောင်း ဖော်ပြရမည်။

၅။ နိဂုံးချုပ်

ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖက်ဒရယ်စနစ်အတွင်း အာဏာခွဲဝေကျင့်သုံးမှု၏ အဓိကဖွဲ့စည်းပုံဆိုင်ရာအခြေခံဖြစ်သည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရှိခြင်းသည် ယူနစ်အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အားကောင်းစေပြီး ဒီမိုကရေစီ နည်းကျ တာဝန်ခံမှု၊ လူမှုတရားမျှတမှုနှင့် အဖွဲ့အစည်းဆိုင်ရာ တည်ငြိမ်မှုတို့ကို ပံ့ပိုးပေး နိုင်သည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ဒီဇိုင်းရေးဆွဲရာတွင် ယူနစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍကို စနစ်တကျ သုံးသပ်ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

မိုးသန်

# အခန်း (၂)
# ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

**အနှစ်ချုပ်**

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုကို ပူးပေါင်း၍ အတူတကွ ဖွဲ့စည်းထူထောင်ကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး ရှိကြပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ မိမိတို့၏ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိကြပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များက မိမိတို့ကိုယ်တိုင်ကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်းသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၏ အရေးအကြီးဆုံး အင်္ဂါရပ်တခုပင် ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် အခွင့်အရေးရှိမှသာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ပေါင်း (၇၅) နှစ်ကျော် တိုက်ပွဲဝင်တောင်းဆိုလျက်ရှိသော "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်" ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

**နိဒါန်း**

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများသည် ဗြိတိသျှကိုလိုနီခေတ်မတိုင်မီ သီးခြားလွတ်လပ်သောလူမျိုးများဖြစ်ကြသည်။ ကိုလိုနီခေတ်တလျှောက်လုံးတွင်လည်း သီးခြားအခြေခံဥပဒေများနှင့် သီးခြားစီအုပ်ချုပ်ခြင်းခံခဲ့ကြပါသည်။ ကိုလိုနီခေတ်အလွန်တွင် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြားအမျိုးသားနိုင်ငံတော်များ ထူထောင်ခွင့်ရှိကြပါသည်။ သို့ရာတွင် သီးခြားစီလွတ်လပ်ရေးရယူပြီး သီးခြားအမျိုးသားနိုင်ငံများ ထူထောင်ခြင်းမပြုဘဲ၊ ကိုလိုနီခေတ်မတိုင်ခင် မြန်မာမင်းများ အုပ်ချုပ်ခဲ့သောနယ်မြေ (Burma Proper) နှင့် ပူးပေါင်း၍ လွတ်လပ်ရေးအတူတကွ ရယူပြီး "ပြည်ထောင်စု" နိုင်ငံသစ်တခုကို အတူတကွ ပူးပေါင်းထူထောင်ရန် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပင်လုံစာချုပ်တွင် "တောင်တန်းဒေသများ" ဟုခေါ်ဆိုသော ချင်း၊ ကချင်နှင့် ရှမ်းပြည်များ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" (Self-rule) နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (Self-determination) နှစ်ခုစလုံးကို အာမခံချက်ပေးထားပါသည်။ သို့ရာတွင် 'ပင်လုံကတိကဝတ်' များကို ယနေ့တိုင် အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပေ။ ထို့မျှသာမက ကိုလိုနီခေတ်တွင် ချင်း၊ ကချင်နှင့် ရှမ်းတို့ ခံစားပိုင်ခွင့်ရှိခဲ့ပြီးသော "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်" ကိုပါ လွတ်လပ်ရေးရရှိပြီးနောက် လက်လွှတ်ဆုံးရှုံးခဲ့ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် လွတ်လပ်ရေးရရှိသည့်အချိန်မှာ ယနေ့တိုင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်အပါအဝင် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်နေကြခြင်းပင် ဖြစ်ပါသည်။

(၁)

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုကို ပူးပေါင်း၍ အတူတကွ ဖွဲ့စည်းထူထောင်ကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး ရှိကြပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ မိမိတို့၏ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိကြပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များက မိမိတို့ကိုယ်တိုင်ကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိခြင်းသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၏ အရေးအကြီးဆုံးအင်္ဂါရပ်တခုပင်ဖြစ်ပါသည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ထားကြပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြပါသည်။ ယင်းကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား "အာဏာခွဲဝေကျင့်သုံးခြင်း" (Division of Powers) ဟု ခေါ်ကြပါသည်။ ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ (၃) ရပ်ကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ (၃) ရပ်ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်သော်လည်းကောင်း၊ အသီးသီး ထည့်သွင်းရေးဆွဲပြဋ္ဌာန်းကြပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ သုံးရပ် (ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ) တို့ကို ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးပိုင်ခွင့်ရှိကြပါသည်။ ဥပဒေပြုအာဏာကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်တရားရုံး များကို ဖွဲ့စည်းထူထောင်ပိုင်ခွင့်ရှိကြပါသည်။ ဤသို့ဖြင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အချုပ်အခြာ အာဏာ ပူးတွဲပိုင်ဆိုင်ခြင်းတို့သာမက ပြည်နယ်ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံတို့ကို စနစ်တကျဖော် ဆောင်ကျင့်သုံးနိုင်ရေးအတွက် အာမခံချက်ပေးထားပါသည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသောကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် "ကိုယ်ပိုင်အုပ်ချုပ် ခွင့်" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တို့ကို တပြိုင်တည်း ကျင့်သုံးပိုင်ခွင့်ရှိကြပါသည်။ ဖက်ဒရယ် စနစ်တိုင်းတွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" ကို ကျင့်သုံးခြင်းဖြင့် "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ" ကို ကျင့်သုံးခွင့်ရှိကြပါသည်။ သို့ရာတွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" အခြေခံမူအရ အာဏာသုံးရပ်ကို ကျင့်သုံးရာတွင် ထိုအာဏာများ စီးဆင်းရာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိ-မရှိ ရှင်းလင်းစွာ ဖော်ပြခြင်းမရှိပေ။ ထို့ကြောင့် ဖက်ဒရယ် စနစ်တွင် အတုအယောင် ပြည်ထောင်စုစနစ်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ဟု ကွဲပြားနေခြင်းဖြစ်သည်။

အတုအယောင်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခွင့်မရှိပေ။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက "ဥပဒေပြုရေး၊ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေးအာဏာများ" ကို ကျင့်သုံးရာတွင် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ 'တဆင့်ခံကျင့်သုံးခွင့်' သာ ရှိကြပါသည်။ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံးက ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိကြသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို 'တိုက်ရိုက်ကျင့်သုံးခွင့်' ရှိကြသည်။ ထို့ကြောင့် ပင်လုံစာချုပ်တွင် "တောင်တန်းဒေသ" ဟု ခေါ်ဆိုခဲ့သည့် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များကို "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှစ်မျိုးစလုံး အာမခံ ချက်ပေးထားခဲ့ခြင်းဖြစ်ပါသည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ သည် "နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှင့် တိုင်းရင်းသားလူမျိုးများ၏ "ယဉ်ကျေးမှု

ဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” နှစ်မျိုးစလုံးကို အာမခံချက်ပေးထားသည်။ လူမျိုးအမည်ဖြင့် ဖွဲ့စည်းထူထောင်ထားသောပြည်နယ်များတွင် သက်ဆိုင်ရာလူမျိုးများက သမိုင်းစဉ်ဆက်ပိုင်ဆိုင်ထားကြသော ပြည်နယ်ပိုင်နက်နယ်နိမိတ်များကို သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးနိုင်ရုံသာမက ထိုလူမျိုးများ၏ လူမျိုးဖြစ်ခြင်းဆိုင်ရာအမျိုးသားလက္ခဏာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဥပဒေများကိုပါ အကာအကွယ်ပေးနိုင်သည်။

လူမျိုးအမည်ဖြင့် ဖွဲ့စည်းထူထောင်သောပြည်နယ်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းထူထောင်ထားသောပြည်နယ်ဖြစ်စေ၊ ပြည်နယ်အသီးသီးတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်တခု၏နယ်နိမိတ်ကို ကျော်၍ ပြည်နယ်နှစ်ခု၊ သုံးခုမက ဖြန့်ကျက်နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိုလူမျိုးများတည်ရှိရာ ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပေးရမည်။ ထို့အပြင် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက ထပ်ဆင့်ကာကွယ်ပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားလူမျိုးအားလုံး၏ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများက အာမခံချက်ပေးထားပါသည်။ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော လူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူကြသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံရေးအရ တန်းတူကြသည်။ နိုင်ငံရေးအရ တန်းတူသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုသည် “အချိုးတူဖက်ဒရယ်ပြည်ထောင်စုစနစ်” (Symmetry Federalism) ဖြစ်သည်။ အတုအယောင်ပြည်ထောင်စုစနစ်သည် “အချိုးမတူဖက်ဒရယ်ပြည်ထောင်စုစနစ်” (Asymmetry Federalism) ဖြစ်သည်။ အကြောင်းမှာ အတုအယောင်ပြည်ထောင်စုတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအနက် တချို့ကို နိုင်ငံရေးအာဏာပိုပေး၍ တချို့ကို နိုင်ငံရေးအာဏာ အပြည့်အဝ မပေးကြချေ။ ဥပမာ အိန္ဒိယနိုင်ငံတွင် ကက်ရှမီးယားပြည်နယ်ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့် အခွင့်အရေးအပ်နှင်းပြီး ကျန်သည့်ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်မပေးခဲ့ချေ။ အိန္ဒိယနှင့်အလားသဏ္ဍာန်တူသည့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်မရှိသည့်အပြင် လူမျိုးစုလွှတ်တော်ဟု ခေါ်ဆိုသော အထက်လွှတ်တော်တွင် လူဦးရေအခြေခံဖြင့် ပြည်နယ်များက ကိုယ်စားလှယ် ပိုမိုများပြားစွာ စေလွှတ်ခွင့်ရှိပြီး၊

လူဦးရေနည်းပါးသော ပြည်နယ်များက ကိုယ်စားလှယ်အနည်းငယ်သာ စေလွှတ်ခွင့်ရှိကြပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အချင်းအချင်းအကြား နိုင်ငံရေးအရ တန်းတူခွင့်မရှိပါ။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် နိုင်ငံရေးအရ တန်းတူသောပြည်နယ်များသည် ဖက်ဒရယ်အထက်လွှတ်တော်၌ ကိုယ်စားလှယ်အညီအမျှ စေလွှတ်ခွင့်ရှိကြပါသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသောကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံတို့ကို စနစ်တကျဖော်ဆောင်ကျင့်သုံးနိုင်ပါသည်။ ပြည်နယ်များ၏ ဖွဲ့စည်းပုံကို ဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းထူထောင်ရမည်ဖြစ်ပြီး အုပ်ချုပ်ရေးတာဝန်ခံမည့် ပြည်နယ်အစိုးရကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်ပါသည်။ ပင်လုံစာချုပ် အပိုဒ် (၇) ၌ တောင်တန်းဒေသများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်ဟု ဖော်ပြထားပါသည်။ ယင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁)" တွင်လည်း "ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးရမည်" ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင်သာမက ပြည်နယ်အားလုံးတွင်လည်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းထူထောင်ရမည်ဖြစ်သည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန် ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးမည့်အစိုးရအဖွဲ့ကို ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်ပြီး တရားစီရင်ရေးအာဏာကို ကျင့်သုံးမည့် တရားသူကြီးများကိုလည်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ခန့်ထားကြရမည်ဖြစ်ပါသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပ်နှင်းပြီး ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်စနစ်ဖြစ်ပါသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိမှသာ–

(၁) အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ပြီး ထိုအချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြသည်ဟူသော "အာဏာခွဲဝေကျင့်သုံးခြင်း" ကို ဖက်ဒရယ်အင်္ဂါရပ်နှင့်အညီ အကောင်အထည်ဖော် ကျင့်သုံးနိုင်မည်။

(၂) "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "စုပေါင်း၍ အတူတကွအုပ်ချုပ်ခြင်း" သာမက "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တို့ကို စနစ်တကျ ပူးတွဲကျင့်သုံးနိုင်မည်။

(၃) စစ်မှန်သော ပြည်ထောင်စုစနစ်နှင့် အတုအယောင်ပြည်ထောင်စုစနစ်တို့ကို စနစ်တကျ ပိုင်းခြားပြီး၊ အတုအယောင်ပြည်ထောင်စုစနစ်ဖြစ်သည့် "အချိုးမတူဖက်ဒရယ်စနစ်" မှ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု "အချိုးတူ ဖက်ဒရယ်စနစ်" တည်ဆောက်ရေးကို ဦးတည်နိုင်မည်။

(၄) "ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှင့် "နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှစ်မျိုးစလုံးကို အာမခံချက်ပေးခြင်းဖြင့် လူမျိုးရေးတန်းတူခွင့်နှင့် နိုင်ငံရေးတန်းတူခွင့် နှစ်မျိုးစလုံးကို တပြိုင်တည်း အကောင်အထည်ဖော်နိုင်မည်။

(၅) ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းထူထောင်ပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကို ဒီမိုကရေစီစနစ်ဖြင့် ဖွဲ့စည်းထူထောင်ခြင်းဖြင့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ပေါင်းစပ်ထားသော "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်" ကို ထူထောင်နိုင်မည်။

ခြုံငုံသုံးသပ်ပါက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိနိုင်မှသာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ပေါင်း (၇၅) နှစ်ကျော် တိုက်ပွဲဝင်တောင်းဆိုလျက်ရှိနေသော "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်" ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

(၂)

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလုပ်ပိုင်ခွင့်အာဏာ

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ကြပါသည်။ ထိုကဲ့သို့ ပူးတွဲပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာသုံးရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ) ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို စနစ်တကျဖော်ဆောင် နိုင်ရေးအတွက် ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြည်နယ်များ၏လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်သော်လည်းကောင်း အသီးသီးထည့်သွင်းရေးဆွဲပြဋ္ဌာန်းကြပါသည်။ ပြည်ထောင်စုလုပ်

ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲပြီးပြဋ္ဌာန်းပြီး ပြည်နယ်လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် ဖက်ဒရယ်စနစ်၏အင်္ဂါရပ်တခုဖြစ်သော "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "အတူတကွစုပေါင်းအုပ်ချုပ်ခြင်း" ကို စနစ်တကျဖော်ဆောင် ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံး၍ မိမိတို့ကိုယ်တိုင်ကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် အခွင့်အရေးရှိခြင်းသည် "ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး" (Bottom-up Federalism) ချဉ်းကပ်မှု၏အနှစ်သာရ တခုလည်းဖြစ်ပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာများကို ဆန့်ကျင်ထိခိုက်ခြင်း မရှိနိုင်ပါ။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အပြန်အလှန် အသိအမှတ်ပြုခြင်း၊ လေးစားတန်ဖိုးထားခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေပါသည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် အောက်ဖော်ပြပါ ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အာဏာများကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ လေးစားတန်ဖိုးထား၍ အသိအမှတ်ပြုထားကြောင်း ပေါ်လွင်စေရမည်။ ယင်းပြည်ထောင်စု လုပ်ပိုင်ခွင့်အာဏာများမှာ–

(၁) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။

(၂) လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော နိုင်ငံတခု၏ ဂုဏ်အင်္ဂါများ ဖြစ်ကြသော လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံနယ်နိမိတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းပြီး ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်။

(၃) ပြည်ထောင်စုအစိုးရသည် "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" (Self-rule) နှင့် "အတူတကွ စုပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) "အခြေခံမှု" အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးက ပူးပေါင်းဖွဲ့စည်း၍ စုပေါင်းပိုင်ဆိုင်ထားသော အစိုးရဖြစ်ကြောင်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးက လေးစား အသိအမှတ်ပြုရမည်။

(၄) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း "အခြေခံမှု" အရ အောက်ဖော်ပြပါ ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အာဏာများကို ပြည်

နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများက ဆန့်ကျင်ခြင်းမရှိစေရ။ မိမိတို့အားလုံး အတူတကွ ထူထောင်၍ စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာဖြစ်ကြောင်း လေးစားအသိအမှတ်ပြုရမည်။

(က) နိုင်ငံခြားရေး

(ခ) ပြည်ထောင်စုကာကွယ်ရေး

(ဂ) ငွေဒင်္ဂါးနှင့်ငွေစက္ကူထုတ်လုပ်ခြင်း

(ဃ) အလေးချိန်နှင့် ချိန်ခွင် တိုင်းတာရေးစနစ်

(င) စာတိုက်၊ ကြေးနန်းနှင့် အခြားဆက်သွယ်ရေးစနစ်

(စ) ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့်အခွန်စနစ်

ခြွင်းချက်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တိုက်ပွဲကြောင့် ဖြစ်ပွားသော အနှစ် (၇၀) ကျော်ပြည်တွင်းစစ်ကြောင့် တော်လှန်ရေးကာလတွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ပြည်နယ်များတွင် "တော်လှန်ရေးတပ်ဖွဲ့များ" ထူထောင်ခြင်းနှင့် "နိုင်ငံတကာဆက်ဆံရေးများ" တည်ဆောက်ခြင်းတို့ကို တော်လှန်ရေးလိုအပ်ချက်အဖြစ် လေးစားအသိအမှတ်ပြုရမည်။

(၅) ပြည်ထောင်စုနှင့် ပြည်နယ်များအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်ပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် "ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ" ပြဋ္ဌာန်းချက်နှင့်အညီ "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး" ကို ဖွဲ့စည်းထူထောင်ရမည်။

ခြွင်းချက်။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းမပြုလုပ်နိုင်မီကာလတွင် ပဋိပက္ခဖြေရှင်းရေးယန္တရားကို သင့်လျော်သလို ဖွဲ့စည်းထူထောင်နိုင်သည်။

## (၃)

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရမည့် အဓိကအချက်များ

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အခြေခံသော အချိုးတူ ဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းကြပါသည်။ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်များတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာ တန်းတူရည်တူ အပ်နှင်းထားသော်လည်း ပြည်နယ်ဖွဲ့စည်းပုံချင်း မတူညီကြပေ။ တချို့ဖက်ဒရယ်တိုင်းပြည်များတွင် ပြည်နယ်များကို လူမျိုးအခြေခံဖြင့် ဖွဲ့စည်း၍ တချို့ဖက်ဒရယ်တိုင်းပြည်များတွင် ပထဝီအခြေခံဖြင့် ဖွဲ့စည်းကြသည်။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် မိမိတို့တိုင်းပြည်အခြေအနေအရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များနှင့် ပထဝီအမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များဟူ၍ ပေါင်းစပ်ဖွဲ့စည်းရန် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် အောက်ပါအချက်များ ပါဝင်သင့်ကြောင်း တင်ပြအပ်ပါသည်။

(၁) ပြည်နယ်၏ဝိသေသလက္ခဏာများ

(၂) အခြေခံအခွင့်အရေး၊ ရပိုင်ခွင့်နှင့် တာဝန်များ

(၃) ရွေးကောက်တင်မြှောက်ခြင်း

(၄) ပြည်နယ်ဥပဒေပြုရေး

(၅) ပြည်နယ်အစိုးရ

(၆) ပြည်နယ်တရားစီရင်ရေး

(၇) ပြည်နယ်လုံခြုံရေး၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် တရားဥပဒေစိုးမိုးရေး

(၈) ဘဏ္ဍာရေးနှင့် အခွန်စနစ်

(၉) လူနည်းစုများအခွင့်အရေးကို ကာကွယ်ခြင်း

(၁၀) ဒေသန္တရအစိုးရများ

(၁၁) ပြည်နယ် ပြည်သူ့ဝန်ထမ်း (Civil Service)

(၁၂) ပြည်နယ် လူမှုဖူလုံရေး

(၁၃) ပြည်ထောင်စုနှင့် ပြည်နယ်အကြား ဆက်ဆံရေး

(၁၄) အထွေထွေပြဋ္ဌာန်းချက်

(၁၅) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြဋ္ဌာန်းခြင်း

## ၁။ ပြည်နယ်၏ဝိသေသလက္ခဏာများ

ဖက်ဒရယ်ပြည်ထောင်စုကို လူမျိုးအမည်ဖြင့်ဖွဲ့စည်းသောပြည်နယ်များနှင့် ပထဝီမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များဖြင့် ဖွဲ့စည်းထူထောင်ရမည်။ လူမျိုးအမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များတွင် ထိုလူမျိုးများ၏ သမိုင်းနောက်ခံ၊ လူမျိုးဖြစ်ခြင်းနှင့် ဆိုင်သည့် အမျိုးသားလက္ခဏာများ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေများကို ထည့်သွင်းဖော်ပြနိုင်သည်။ လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပထဝီအမည်ဖြင့် ဖွဲ့စည်းသည့်ပြည်နယ်များတွင် ထိုပြည်နယ်များ၏ထူးခြားသောလက္ခဏာအဖြစ် လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ခြင်း (Pluralism) ကို အလေးပေး၍ အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် အပြန်အလှန်လေးစားခြင်းကို ဖော်ပြသင့်ပါသည်။

## ၂။ အခြေခံအခွင့်အရေး၊ ရပိုင်ခွင့်နှင့်တာဝန်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းသည် တိုင်းပြည် ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံသာမက နိုင်ငံသားတို့၏ ဘဝလုံခြုံရေးနှင့် မွေးရာပါအခြေခံအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရန်ဖြစ်ပါသည်။ ထိုနည်းတူ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံတို့သာမက ပြည်နယ်သားများ၏ မူလအခြေခံအခွင့်အရေးများ (Fundamental Rights) ကို ကာကွယ်ပြဋ္ဌာန်းပေးရန်ဖြစ်ပါသည်။ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံး၏ အခြေခံအခွင့်အရေးများကို ကာကွယ်ခြင်းဖြင့် လုံလောက်မှုရှိပါသော်လည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပြည်နယ်၏ ထူးခြားသောဝိသေသလက္ခဏာများကို အခြေခံ၍ လူမျိုးအသီးသီး၏ လူမျိုးရေးဆိုင်ရာ အမျိုးသားလက္ခဏာများ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆက်နွယ်၍ ကာကွယ်စောင့်ထိန်းရန် လိုအပ်သော အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များကို ထည့်သွင်းရေးသား ပြဋ္ဌာန်းနိုင်ပါသည်။ တချို့ဖက်ဒရယ်တိုင်းပြည်များတွင် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းသော အခြေခံအခွင့်အရေးများက လုံလောက်သည်ဟု ယူဆသောကြောင့် "အခြေခံအခွင့်အရေး၊ ရပိုင်ခွင့်နှင့် တာဝန်များ" ကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

တွင် ထပ်မံ၍ ဖော်ပြ ပြဋ္ဌာန်းခြင်းမရှိဘဲ၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ တိုက်ရိုက်ကျင့်သုံးသောနိုင်ငံများလည်း ရှိကြသည်။ ယင်းသည် မိမိတို့အခြေအနေနှင့် ကိုက်ညီအောင် ပြည်နယ်များက လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။

## ၃။ ရွေးကောက်ပွဲစနစ်

တချို့ဖက်ဒရယ်နိုင်ငံများတွင်၊ ဥပမာ အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲစနစ်ကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိဘဲ၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်သာ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းကြပါသည်။ လူထုနှင့် အနီးကပ်ဆုံးအစိုးရထံတွင် အာဏာရှိခြင်း (Subsidiary Principle) အရ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးကြသောလူထုနှင့် အနီးကပ်ဆုံးအစိုးရမှာ ပြည်နယ်အစိုးရများဖြစ်သောကြောင့် စစ်မှန်သော ဖက်ဒရယ်စနစ်တွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ပြည်နယ်အစိုးရကသာ ကိုင်တွယ်ဆောင်ရွက်သင့်ပါသည်။ သို့ရာတွင် မိမိတို့တိုင်းပြည်၌ အလေ့အကျင့်နည်းပါးသေးသောကြောင့် ကာလအတိုင်းအတာတခုအထိ ပြည်ထောင်စုနှင့် ပြည်နယ်များက ပူးတွဲဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၄။ ပြည်နယ်ဥပဒေပြုရေး

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လက်တွေ့ကျင့်သုံးရန်လိုအပ်သော ဥပဒေနှင့် နည်းဥပဒေများကို ပြည်နယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းကြရမည်။ ထို့ကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ်လူထုက ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်သည်။ ထို့အပြင် တချို့ဖက်ဒရယ်တိုင်းပြည်များ၊ ဥပမာ ဂျာမနီနိုင်ငံတွင် ပြည်နယ်ကို ကိုယ်စားပြုသည့် ပြည်ထောင်စုအထက်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရတို့ ညှိနှိုင်း၍ ရွေးချယ်စေလွှတ်ကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ထိုစနစ်ကို ၁၇၈၇ မှ ၁၉၁၃ ခုနှစ်အထိ ကျင့်သုံးခဲ့ပါသည်။ ၁၉၁၃ နောက်ပိုင်းတွင် ပြည်နယ်လွှတ်တော်က ရွေးချယ်စေလွှတ်ခြင်း မပြုတော့ဘဲ ပြည်နယ်လူထုက ဆီးနိတ်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးချယ်စေလွှတ်ကြပါသည်။

## ၅။ ပြည်နယ်အစိုးရ

ဖက်ဒရယ်စနစ်နှင့် ပါလီမန်စနစ်ကို ပူးတွဲကျင့်သုံးသောတိုင်းပြည်များတွင် ပြည်နယ်အစိုးရဝန်ကြီးများကို ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းကြပါသည်။ ပြည်နယ်ရွေးကောက်ပွဲတွင် အနိုင်ရ

ပါတီ၏ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်သောအလေ့အထလည်း ရှိပါသည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်ထောင်စုက ခန့်အပ်သောစနစ်သည် ဒီမိုကရေစီစနစ်နှင့် ညီမျှခြင်း မရှိရုံသာမက ဖက်ဒရယ်စနစ်၏အင်္ဂါရပ်ဖြစ်သော "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" အခြေခံမှုကိုလည်း ဆန့်ကျင်ရာရောက်ပါသည်။

## ၆။ ပြည်နယ်တရားစီရင်ရေး

စစ်မှန်သောဖက်ဒရယ်စနစ်တွင် ပြည်နယ်တရားရုံးများသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားစီရင်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားစီရင်ခြင်းဖြင့် ပြည်နယ်တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ရုံသာမက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာမက၊ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုပါ အာမခံချက်ပေးထားပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တရားစီရင်ခြင်းဖြင့် ပြည်နယ်အသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဥပဒေများကို ကိုးကားနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် သီးခြား ပြည်နယ်ဖွဲ့စည်းနိုင်ခြင်းမရှိသော တိုင်းရင်းသားလူနည်းစုများ၏ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာပြဋ္ဌာန်းပြီး ပြည်နယ်တရားရုံးများက အကောင်အထည်ဖော် ကျင့်သုံးရမည်ဖြစ်ပါသည်။ ပြည်နယ်တရားရုံးများသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်သာမက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် တရားစီရင်ကြရမည်ဖြစ်သောကြောင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုက်ရိုက်ပတ်သက်သောအမှုအခင်းများ၊ ပြည်နယ်တခု၏နယ်နိမိတ်ကို ကျော်လွန်၍ ဖြစ်ပွားသောမှုခင်းများကို ပြည်ထောင်စုအဆင့်တရားရုံးများသို့ လွှဲပြောင်းနိုင်ပါသည်။

## ၇။ ပြည်နယ်လုံခြုံရေး၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် တရားဥပဒေစိုးမိုးရေး

(က) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်လူဦးရေကို တစ်ရာခိုင်နှုန်း (၁ %) ထက် မပိုသောအရေအတွက်ဖြင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ (State Security Force (or) Militia) ကိုဖွဲ့စည်းနိုင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သာမန်ကာလများတွင် ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားကွပ်ကဲမှုအောက်တွင် ထားရှိရမည်။ အရေးပေါ်ကာလများတွင် ပြည်ထောင်စု၏စစ်သေနာပတိချုပ် ဖြစ်သော ပြည်ထောင်စုသမ္မတ၏ ညွှန်ကြားကွပ်ကဲမှုအောက်တွင် ထားရှိရ

မည်။ (မှတ်ချက်။ တော်လှန်ရေးကာလလိုအပ်ချက်ကြောင့် ဖွဲ့စည်းထူထောင်ထားသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကို ပြည်နယ်လုံခြုံရေးတပ်ဖွဲ့နှင့် တတန်းတည်း မစဉ်းစားသင့်ပေ။)

(ခ) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်တရားဥပဒေစိုးမိုးရေးတာဝန်ကို ထမ်းဆောင်မည့် ပြည်နယ်ရဲတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ခွင့်ရှိကြပါသည်။ ပြည်နယ်ရဲတပ်ဖွဲ့များသည် ပြည်နယ်၏ပြည်ထဲရေးဝန်ကြီးလက်အောက်တွင် ထားရှိကြရမည်။

## ၈။ ဘဏ္ဍာရေးနှင့် အခွန်ကောက်ခံခြင်းစနစ်

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်အသီးသီးက အခွန်ကောက်ခံပိုင်ခွင့်ရှိကြပါသည်။ ထိုကဲ့သို့ အခွန်ကောက်ခံခြင်းနည်းစနစ်များစွာရှိသည့် တော်လှန်ရေးကာလတွင် အမျိုးသားညီညွတ်ရေးအစိုးရက ရွေးချယ်ထားသောနည်းလမ်းမှာ "ပြည်ထောင်စုနှင့် ပြည်နယ်များ သီးခြားစီ အခွန်ကောက်ခံသည့်ကဏ္ဍများနှင့် ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးပေါင်း၍ အတူတကွ ကောက်ခံသည့်ကဏ္ဍဟူ၍ ကဏ္ဍ (၂) မျိုးကို ပေါင်းစပ်သည့်စနစ်ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ကောက်ခံခွင့်အာဏာပိုင်ဆိုင်ထားသောကြောင့် ပြည်နယ်အစိုးရများက ပြည်နယ်တွင်းလူမှုဖူလုံရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပြည်နယ်တွင်း ကောက်ခံပိုင်ခွင့်ရှိသော အခွန်ကောက်ခံခြင်း နည်းစနစ်နှင့် စာရင်းဇယားများကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ ထို့အပြင် ပြည်ထောင်စုတဝန်းလုံးရှိပြည်နယ်များ တန်းတူညီမျှရေးမှု (Equalization) အရ ပြည်နယ်များက ပြည်ထောင်စုကို ထည့်သွင်းပေးဆောင်ရမည့် ဘဏ္ဍာရေးစာရင်းနှင့် ပြည်ထောင်စုထံမှ သက်ဆိုင်ရာပြည်နယ်များသို့ မျှဝေပေးရမည့်ဘဏ္ဍာရေးစာရင်းများကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဖော်ပြပြဋ္ဌာန်းသင့်ပါသည်။

## ၉။ လူနည်းစုများ၏အခွင့်အရေးကို ကာကွယ်ခြင်း

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုက နယ်မြေသီးသန့်ပိုင်ဆိုင်ခြင်း မရှိပါ။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကသာ နယ်မြေပိုင်

ဆိုင်ကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုတဝန်းလုံးရှိ လူနည်းစုများ၏ရုပ်နာမ်အရ တည်ရှိရာနယ်မြေသည်ပြည်နယ်များပင်ဖြစ်ကြပါသည်။ ပြည်ထောင်စုတဝန်းလုံးကို လွှမ်းခြုံသည့် လူနည်းစုများအခွင့်အရေးကာကွယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းသင့်သကဲ့သို့ ထို လူနည်းစုများ မူလတည်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း လူနည်းစုများ အခွင့်အရေးကာကွယ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို အခိုင်အမာ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းသင့်ပါသည်။

ထိုကဲ့သို့ ကာကွယ်ပြဋ္ဌာန်းရာတွင် လူနည်းစုများက နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ခံယူကျင့်သုံးနိုင်ရေးအတွက် အဆင့်ဆင့်သော ရွေးကောက်ပွဲများတွင် လူနည်းစုများအတွက် ခွဲတမ်းထားရှိခြင်း၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများတွင် သီးသန့်နေရာ ချန်လုပ်ထားပေးခြင်းစသည်များကို ထည့်သွင်းဖော်ပြသင့်ပါသည်။ ထို့အပြင် လူနည်းစုများက ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးရမည့်အပြင် ပြည်နယ်အစိုးရက အပြည့်အစုံဆောင်ရွက်နိုင်ခြင်း မရှိသောအခြေအနေများတွင် ပြည်ထောင်စုအစိုးရထံ အကူအညီရယူပိုင်ခွင့်ရှိရမည်။

## ၁၀။ ဒေသန္တရအစိုးရများ

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဒေသန္တရအစိုးရဖွဲ့စည်းခြင်းသည် အလွန်အရေးကြီးသော ဖက်ဒရယ်အင်္ဂါရပ်တခုပင်ဖြစ်သည်။ သို့သော် လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုတွင် ဒေသန္တရအစိုးရများ ဖွဲ့စည်းပုံမှာ ပြည်နယ်တခုနှင့်တခု ကွဲပြားခြားနားနေနိုင်ပါသည်။ ဥပမာ– လူမျိုးနွယ်စု (Tribalism) ထွန်းကားနေဆဲဖြစ်သည့် ပြည်နယ်များတွင် မျိုးနွယ်စု (Tribal Group) နှင့် စကားစု (Dialect Group) တို့ကို အခြေခံ၍ ဒေသန္တရအစိုးရများကို ထူထောင်နိုင်သကဲ့သို့ လူမျိုးတမျိုး၊ ဘာသာစကားတမျိုးကို အများစုက သုံးစွဲသောပြည်နယ်များတွင် ဒေသန္တရအခြေခံ မြို့နယ်များဖြင့် ဒေသန္တရအစိုးရကို ဖွဲ့စည်းနိုင်သည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း ရှိသကဲ့သို့၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများ

အကြား အာဏာခွဲဝေကျင့်သုံးခြင်း ရှိကြရပေမည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေသန္တရအစိုးရဖွဲ့စည်းပုံနှင့် လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အစုံဖော်ပြ၍ ရေးဆွဲပြဋ္ဌာန်းကြရပေမည်။ ထိုကဲ့သို့ ဒေသန္တရအစိုးရနှင့် စပ်ဆိုင်သောကိစ္စအဝဝကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းကြရမည်ဖြစ်သောကြောင့် ပြည်ထောင်စုအစိုးရသည် ဒေသန္တရအစိုးရကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ အလျှင်းမျှ မလုပ်သင့်ပေ။ ထိုနည်းတူ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရများအကြား ကြားခံအဆင့်တခုဖြစ်သော ခရိုင်အုပ်ချုပ်ရေးစနစ် မရှိသင့်ပေ။

ခရိုင်စနစ်သည် တပြည်ထောင်စနစ်ကျင့်သုံးသောတိုင်းပြည်များတွင် ဗဟိုဦးစီးစနစ်ကို လျှော့ချသည့် (De-centralization) အရ ဖွဲ့စည်းထားသော ဗဟိုဦးစီးစနစ်၏ ကြားခံအဆင့်တခုမျှသာဖြစ်သည်။ တနည်းအားဖြင့် ခရိုင်အုပ်ချုပ်ရေးစနစ်သည် ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့အကြား ဗဟိုက ဝင်ရောက်စွက်ဖက် ချယ်လှယ်ရန် ဖန်တီးထားသော ဗဟိုဦးစီးစနစ်၏ သင်္ကေတတခုဖြစ်ပါသည်။ ထို့ကြောင့် အတုအယောင်ပြည်ထောင်စုစနစ်အောက်တွင် နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သော ခရိုင်စနစ်ကို အပြီးအပိုင်ဖျက်သိမ်းရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် တော်လှန်ရေးကာလတွင် အခြေအနေအရ ယင်းစနစ်ကို ချက်ချင်း ဖျက်သိမ်းနိုင်ခြင်းမရှိပါက လုပ်ပိုင်ခွင့်နှင့် တာဝန်ထပ်၍ မပေးသင့်တော့ပေ။

## ၁၁။ ပြည်သူ့ဝန်ထမ်း (State Civil Service)

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ပြည်သူ့ဝန်ထမ်းများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခန့်ထားပိုင်ခွင့်ရှိခြင်းသည် ဖက်ဒရယ်စနစ်၏ အရေးကြီးသော အင်္ဂါရပ်တခုပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုး ပေါင်းစုံရောနှော၍ နေထိုင်သောတိုင်းပြည်တွင် ထိုစနစ်သည် ပို၍အရေးကြီးပါသည်။ ထိုကဲ့သို့ ပြည်နယ်ပြည်သူ့ဝန်ထမ်းများကို သီးသန့်ခန့်အပ်တာဝန်ပေးနိုင်မှသာ ပြည်နယ်များ၏ နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို တပြိုင်တည်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်နယ်ပြည်သူ့ဝန်ထမ်းများ ခန့်ထားနိုင်ရေးအတွက် ပြည်နယ်ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းများကို သီးသန့်ဖွင့်လှစ်သင်ကြားပိုင်ခွင့်ရှိကြရမည်။ ထိုသင်တန်းကျောင်းများတွင် သက်ဆိုင်ရာပြည်နယ်နှင့်လူမျိုးများ၏ ဝိသေသလက္ခဏာများနှင့်အညီ သမိုင်းနောက်ခံ၊ စာပေ၊ ယဉ်ကျေးမှု

နှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေများသာမက သက်ဆိုင်ရာပြည်နယ် ပထဝီအခြေအနေနှင့်စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုအဆင့်များကိုပါ ထည့်သွင်းဖော်ပြ၍ သင်ကြားပို့ချနိုင်ပါသည်။

ပြည်ထောင်စုတဝန်းလုံးနှင့်ဆက်စပ်၍ ဝန်ထမ်းများသိရှိနားလည်သင့်သည့် ပြည်ထောင်စုဝန်ထမ်းယန္တရားနှင့် နည်းစနစ်များကိုလည်း ထည့်သွင်းလေ့လာသင်ကြားသင့်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက မိမိတို့ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်တာဝန်ပေးရမည့်ဝန်ထမ်းများသည် မိမိပြည်နယ်သားအများစုဖြစ်နိုင်သောကြောင့် မိမိပြည်နယ်သားများသည် မိမိပြည်နယ်၏ နောက်ခံသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို အထူးပြုလေ့လာသင်ကြားရန် လိုအပ်တော့မည်မဟုတ်ပေ။ မွေးရာပါဘဝအတွေ့အကြုံနှင့် ပတ်ဝန်းကျင်နှင့် ဒေသန္တရကျွမ်းကျင်မှုများ သင်ယူထားပြီးဖြစ်နိုင်ပါသည်။ ဤသို့သော နည်းလမ်းများဖြင့် ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခိုင်မာအားကောင်းစေနိုင်ပါသည်။

## ၁၂။ ပြည်နယ်လူမှုဖူလုံရေး

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း "အခြေခံမူ" အရ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး စသည့် လူသားတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ် ဆောင်ရွက်ရန် လိုအပ်သော ကိစ္စရပ်များနှင့် စပ်ဆိုင်သည့် လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်လုပ်ပိုင်ခွင့်အာဏာအဖြစ် သတ်မှတ်ကြပါသည်။ ယင်းသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ပြည်နယ်အစိုးရများက သက်ဆိုင်ရာပြည်နယ်အတွင်း လူမှုဖူလုံရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။

ဖက်ဒရယ်စနစ်တွင် "လူထုနှင့်အနီးကပ်ဆုံးအစိုးရထံ အာဏာအပ်နှင်းခြင်း" (Subsidiary Principle) ကို တွဲဖက်ကျင့်သုံးခြင်း၏အားသာချက်မှာ ပြည်နယ်အစိုးရနှင့်ဒေသန္တရအစိုးရတို့က လူမှုဖူလုံရေးလုပ်ငန်းများကိုဆောင်ရွက်ခွင့် အပြည့်အဝရှိရုံသာမက အကယ်၍ ပြည်နယ်အစိုးရက လူမှုဖူလုံရေးလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိပါက ပြည်ထောင်စုအစိုးရထံ အကူအညီ တောင်းခံနိုင်သည့်နည်းလမ်းကို ဖွင့်ပေးထားပါသည်။ ထိုစနစ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူလူထုတရပ်လုံး ဘဝသုခ အပြည့်အဝ ရှာဖွေခံစားနိုင်ရေးနှင့် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံသော လောကပါလတရားထွန်းကားသည့် လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေးပင်ဖြစ်ပါသည်။

## ၁၃။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဆက်ဆံရေး

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် "ပြည်နယ်အစိုးရ" များသည် ပြည်ထောင်စုအစိုးရ၏လက်အောက်ခံအစိုးရများ မဟုတ်ကြပါ။ ထိုနည်းတူ ပြည်ထောင်စုအစိုးရသည်လည်း ပြည်နယ်များနှင့်ပတ်သက်ခြင်းမရှိသောအစိုးရ မဟုတ်ပါ။ ပြည်ထောင်စုအစိုးရသည် ပြည်နယ်များက အတူတကွ ပူးပေါင်းဖွဲ့စည်း၍ စုပေါင်းပိုင်ဆိုင်ထားသောအစိုးရဖြစ်ပါသည်။ ထိုကဲ့သို့ သီးခြားစီလွတ်လပ်သော်လည်း နီးကပ်စွာ စပ်ဆက်မှု အခိုင်အမာရှိသော အစိုးရနှစ်ရပ်အကြား ဆက်ဆံရေး တည်ဆောက်ရန် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်သာမက ပြည်ထောင်စု အစိုးရဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်လည်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် လိုအပ်သောယန္တရားများသာမက [ဥပမာ၊ ဖက်ဒရယ် အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသောကိုယ်စားလှယ်များ စေလွှတ်ခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြားသော်လည်းကောင်း၊ ပြည်နယ် အချင်းချင်း အကြားသော်လည်းကောင်း ဖြစ်ပွားသော ပဋိပက္ခများကိုဖြေရှင်းရေး ယန္တရားအဖြစ် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ" တည်ဆောက်ခြင်း] လိုအပ်ချက်အရ အမြဲတမ်းမဟုတ်သောယန္တရားမျိုးစုံကိုလည်း ဖန်တီးတည်ဆောက် ကြရမည်ဖြစ်သည်။

## ၁၄။ အထွေထွေပြဋ္ဌာန်းချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင် ကဏ္ဍအလိုက် အခန်းတခန်း ဖွဲ့လောက်အောင် အကြောင်းအရာမများသော ကဏ္ဍများကို စုစည်းဖော်ပြထားသည့် အခန်းကို အထွေထွေပြဋ္ဌာန်းချက်ဟု ခေါ်ပါသည်။ အကြောင်းအရာမများသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြရန် မရှိမဖြစ်လိုအပ်သော အချက်အလက်များ၊ ကဏ္ဍများကို စုစည်းဖော်ပြသည့် အရေးကြီးသောအခန်းတခုဖြစ်ပါသည်။

## ၁၅။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် တည်တံ့ခိုင်မြဲပြီး ရေရှည်ရှင်သန်ရေးသည် တိုင်းပြည်တပြည်၏ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ထပ်တူကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်တံ့ခိုင်မြဲမှသာ တိုင်းပြည်တပြည်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံနယ်နိမိတ် ထိန်းသိမ်းကာကွယ်ရေးတို့ကို ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေရှည်တည်တံ့ခိုင်မြဲရေးသည်လည်း အရေးကြီးပါသည်။ သို့ရာတွင်

ရေရှည်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲနိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ ထိုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၏ ရည်ရွယ်ချက် မှန်ကန်ခြင်းနှင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေနှင့် အချိန်အခါတောင်းဆိုချက်အတိုင်း ပြုလွယ်ပြင်လွယ်ရှိခြင်းတို့ပင်ဖြစ်ပါသ်ည။ ခေတ်သစ်ကမ္ဘာတွင် သက်တမ်းအရှည်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၇၈၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းထားသော အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲသည့်အချိန်တွင် ရည်ရွယ်ချက် မှန်ကန်ခဲ့ပါသည်။ ယခင်ဗြိတိသျှ (၁၃) ပြည်နယ်တို့က "မိမိတို့ဆန္ဒအတိုင်း ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စု" ကို (Voluntary Association) ဖြင့် ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုလွယ်ပြင်လွယ်ဖြစ်အောင်ရေးဆွဲပြဋ္ဌာန်းခဲ့သောကြောင့် နှစ်ပေါင်း (၂၀၀) ကျော်အတွင်း အခြေအနေနှင့်အချိန်အခါ တောင်းဆိုလေတိုင်း လူထုဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းကျ အကြိမ်ပေါင်း (၂၇) ကြိမ်ထက် မနည်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါသည်။ ယင်းသည် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ပေါင်းစပ်ထားခြင်း၏အားသာချက်ပင် ဖြစ်ပါသည်။

အခြားတဖက်တွင် အာဏာရှင်စနစ်ကို ကျင့်သုံးရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသောတိုင်းပြည်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြုလွယ်ပြင်လွယ်မဟုတ်ဘဲ၊ တင်းကျပ်သောနည်းစနစ် (Rigid Constitution) ဖြင့် ရေးဆွဲပြဋ္ဌာန်းကြပါသည်။ ထိုကဲ့သို့ တင်းကျပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ရေရှည်တည်တံ့ခိုင်မြဲခြင်းမရှိ။ ကမ္ဘာ့အင်အားကြီး နိုင်ငံအဖြစ် ထင်ရှားခဲ့သော ဆိုဗီယက်ယူနီယံပင်လျှင် နှစ်ပေါင်း (၇၄) နှစ်သာ သက်တမ်းရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ရေးဆွဲပြဋ္ဌာန်းသော ၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်း ပုံတို့သည် (၁၄) နှစ်မျှသာ သက်တမ်းရှိခဲ့ပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် လူထုဆန္ဒအတိုင်း ဖျက်သိမ်းပြီးဖြစ်သော ကြောင့် (၁၃) နှစ်သာ သက်တမ်းရှိခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင်ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင်ဖြစ်စေ၊ ရည်ရွယ်ချက် မှန်ကန်၍ နည်းမှန်လမ်းမှန်ဖြင့် ပြုလွယ်ပြင်လွယ်ရှိစေရန် ရေးဆွဲပြဋ္ဌာန်းနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းခြင်း အခန်းတခန်း သီးသန့်ဖော်ပြရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

ဆလိုင်းလျန်မှုန်း

# အခန်း (၃)
# ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများအား ကာကွယ်ရေးနှင့် မြှင့်တင်ရေး

## အနှစ်ချုပ်

ဖက်ဒရယ်စနစ်သည် အာဏာခွဲဝေမှုအပေါ် အခြေခံထားသော အုပ်ချုပ်ရေးစနစ်တခုဖြစ်ပြီး လူမျိုးစု၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကွဲပြားမှုများရှိသည့် လူ့အဖွဲ့အစည်းများတွင် လူနည်းစု အခွင့်အရေးများကို ကာကွယ်ရန်အတွက် အရေးပါသော မူဝါဒဆိုင်ရာစနစ်တစ်ခုအဖြစ် ယူဆရသည်။ ဤဆောင်းပါးတွင် ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများ၏ သဘောတရား၊ အကာအကွယ်ပေးရေးယန္တရားများ၊ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် နိုင်ငံတကာအတွေ့အကြုံများကို ဆန်းစစ်လေ့လာထားသည်။ ထို့အပြင် စိန်ခေါ်မှုများနှင့် မူဝါဒဆိုင်ရာအကြံပြုချက်များကိုလည်း ဖော်ပြထားပါသည်။

## နိဒါန်း

ယနေ့ခေတ်တွင် လူမျိုးစုအမျိုးမျိုး၊ ဘာသာရေးကွဲပြားမှုများနှင့် ယဉ်ကျေးမှုအလွှာအမျိုးမျိုး ပါဝင်သော နိုင်ငံများတွင် အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် လူနည်းစုအခွင့်အရေးများကို ကာကွယ်ရန်နှင့် ပါဝင်ခွင့်များကို အာမခံပေးရန်သည် အရေးပါသောအချက်တရပ်ဖြစ်လာသည်။ ဖက်ဒရယ်စနစ်သည် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သောစနစ်တခုအဖြစ် အထူးအရေးပါသည်။

သို့သော် ဖက်ဒရယ်စနစ်ရှိနေခြင်းတခုတည်းဖြင့် လူနည်းစုအခွင့်အရေးများကို အလိုအလျောက်ကာကွယ်နိုင်မည်မဟုတ်ဘဲ ဥပဒေဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် မူဝါဒဆိုင်ရာ စနစ်များကို ပေါင်းစပ်တည်ဆောက်ရန် လိုအပ်သည်။ ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများကို ကာကွယ်နှင့် မြှင့်တင်ခြင်းသည် စုံလင်ကွဲပြားသော သရုပ်လက္ခဏာအမျိုးမျိုးအား ခံယူကျင့်သုံးလျက်ရှိသည့် “အစု” များရှိ နေသည့် လူ့အဖွဲ့အစည်းများတွင် အထူးသဖြင့် အသွင်ကူးပြောင်းရေး သို့မဟုတ် ပဋိပက္ခအခြေအနေများတွင် အဓိက စိန်ခေါ်မှုတရပ်ဖြစ်သည်။

ဖက်ဒရယ်စနစ်ကို သင့်လျော်စွာ ဒီဇိုင်းရေးဆွဲထားပါက စုံလင်ကွဲပြားမှုများကို စီမံခန့်ခွဲနိုင်ရန်၊ ပဋိပက္ခများကို လျှော့ချနိုင်ရန်နှင့် တန်းတူညီမျှသော ပါဝင်ခွင့်ကို အာမခံနိုင်ရန်အတွက် ခိုင်မာသော အဖွဲ့အစည်းဆိုင်ရာယန္တရားတခုအဖြစ် လုပ်ဆောင်နိုင်သည်။ သို့ရာတွင် ၎င်း၏ ထိရောက်မှုသည် ဥပဒေဆိုင်ရာ၊ နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာစနစ်များကို မည်သို့ဖွဲ့စည်းတည်ဆောက်ပြီး အကောင်အထည်ဖော်ထားသည်ဆိုသည့်အပေါ် မူတည်သည်။

## သဘောတရားအခြေခံများ – လူနည်းစုအခွင့်အရေးနှင့် ဖက်ဒရယ်စနစ်

Politics ဟူသည်မြန်မာလိုဘာသာပြန်သော“နိုင်ငံရေး”ဟူသည့်(နိုင်ငံ့အရေးများကို ဆောင်ရွက်ခြင်းဟူသော ယေဘုယျအနက်ကဲနေသည့်ဝေါဟာရ) သဘောထက် (မည်သူသည် မည်သည့်အရင်းအမြစ်များကို မည်သို့အသုံးပြုမည်၊ မည်သို့သော“လူမှု-ယဉ်ကျေးမှု နိုင်ငံရေး” တန်ဖိုးများ၊ အဆောက်အအုံများကို မည်သို့သဘောထားကျင့်သုံးအခြေပြုမည်) စသည်တို့အတွက်အဓိက ဆုံးဖြတ်ချက်များပြုနိုင်သည့် ပါဝါတို့၏သဘောသဘာဝများ၊ ပါဝါအခြေပြုဆက်ဆံရေးများဖြစ်သည်။ ထို့ပြင်စုံလင်ကွဲပြားစုံလင်မှုများ ပေါ်ပေါက်လာစေသည့် ကိုယ်ပိုင်သီးခြားကျင့်သုံးကြသည့် သရုပ်လက္ခဏာများ၏ အပြန်အလှန်ပေါင်းစည်းမှု၊ ဝိရောဓိဖြစ်မှုများပင်ဖြစ်သည်။ လူ့သမိုင်းတလျှောက်တွင် ပါဝါအသုံးပြုနိုင်ခြင်းအခြေအနေအမျိုးမျိုး၊ မတူညီကွဲပြားမှုများအကြား ပေါင်းစည်းခြင်း၊ ဝိရောဓိဖြစ်ခြင်း၊ အားကြီးသူများမှ လွှမ်းမိုးဝါးမြိုပစ်လိုက်ခြင်း စသည့်အခြေအနေအမျိုးမျိုးအောက်တွင် နိုင်ငံဟူသော ဖွဲ့စည်းမှုများသည် အသွင်သဏ္ဍာန်အမျိုးမျိုး၊ အတွေးအမြင်အယူအဆအမျိုးမျိုးပေါ် အခြေပြုသည့် နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပေါ်ထွန်းလာခြင်း၊ အဆုံးသတ်သွားခြင်း၊ အသစ်ဖြစ်ထွန်းခြင်းစသည့်ဖြစ်စဉ်တို့အောက်တွင် ဖြစ်တည်လာခဲ့၊ ဖြစ်လာနေကြ၊ နောင်တွင်လည်း ဆက်လက်ဖြစ်ထွန်းနေမည်သာ ဖြစ်သည်။

## စုံလင်ကွဲပြားခြင်းနှင့် ဖက်ဒရယ်အဆက်အစပ်

လူ့သမိုင်းတလျှောက် လူ့အဖွဲ့အစည်းများအတွင်း ပေါ်ထွန်းဖြစ်တည်လာသော “စုံလင်ကွဲပြားခြင်း” အား “ယဉ်ကျေးမှု၊ မျိုးနွယ်ဝန်းကျင်နှင့် အတွေးအခေါ် အယူအဆဆိုင်ရာရှုထောင့်” နှင့် “လူမှု-စီးပွားဆိုင်ရာရှုထောင့်”တို့မှ ခွဲခြားလေ့လာနိုင်သည်။ ယဉ်ကျေးမှု၊ မျိုးနွယ်ဝန်းကျင်နှင့် အတွေးအခေါ်အယူအဆဆိုင်ရာရှုထောင့်တွင် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ အမျိုးသားရေး၊ လူမျိုးရေး၊ သမိုင်းကြောင်း၊ အတွေးအခေါ်၊ ဇာတိနယ်မြေနှင့်

နိုင်ငံရေးဆိုင်ရာ စိတ်အခံအထိုင်ကွဲပြားမှုများ....စသည်တို့ပါဝင်သည်။ လူမှု-စီးပွားဆိုင်ရာရှု့ထောင့်မှ လေ့လာရာတွင် သယံဇာတအရင်းအမြစ်ပိုင်ဆိုင်မှုအခြေအနေများ၊ လူမှုရေးနှင့် စီးပွားရေး မညီမျှမှုအခြေအနေပေါ် မူတည်သည့်လူတန်းစား၊ အများပြည်သူဆိုင်ရာအခြေခံ အဆောက်အဦများ ဖွံ့ဖြိုးမှု ရှိ-မရှိ၊ ဒေသဖွံ့ဖြိုးတိုးတတ်ရေး၊ လူမှုရေးအလွှာများနှင့် စီးပွားရေး အလွှာများနှင့် စီးပွားရေးစနစ်တခုလုံးတွင် အစိုးရများက ဘဏ္ဍာငွေအသုံးချပုံများ.... စသည် တို့အရ စုံလင်ကွဲပြားမှုအခြေအနေများဖြစ်လာစေကြောင်းတွေ့ရသည်။ လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေကြသည့် မတူကွဲပြားစုံလင်စွာ ရှိတည်နေကြသော နိုင်ငံရေးအသိုက်အဝန်းများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် အပြည့်အဝ ကျင့်သုံးရင်း ငြိမ်းချမ်းစွာ၊ ညီညွတ်စည်းလုံးစွာ၊ အကျိုးရှိစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် တရားမျှတမှု၊ အခွင့် တူညီမျှမှု၊ လွတ်လပ်မှု အခြေခံလျက် နိုင်ငံရေးအာဏာများကို အားလုံးကျေနပ်စွာ သဘောတူ ခွဲဝေကျင့်သုံးနိုင်မည့် နိုင်ငံရေးစနစ်အဖြစ် ၁၇၇၆ ခုတွင် အမေရိကန်နိုင်ငံတွင် စတင်ဖော်ထုတ် ကျင့်သုံးခဲ့ရာမှ လက်တွေ့ဖက်ဒရယ်နိုင်ငံရေးစနစ် ပေါ်ထွန်းလာခဲ့သည်။

ဖက်ဒရယ်စနစ်ကို အသုံးပြုရန် စဉ်းစားသောနိုင်ငံများ၏ မတူကွဲပြားစုံလင်မှုအခြေ အနေများ၊ မတူညီသော သမိုင်းနောက်ခံအခြေအနေများကြောင့် အာဏာခွဲဝေပုံ အပါအဝင် ဖက်ဒရယ်စနစ်ကျင့်သုံးပုံ၊ ဖက်ဒရယ်စနစ် တည်ဆောက်ပုံများသည် နိုင်ငံတစုနှင့်တခု မတူညီ ကြပေ။

ဖက်ဒရယ်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည့် ဖက်ဒရယ်ပြည်ထောင်စုများသည် နယ်မြေ ဒေသအရ ပိုင်းခြားထားသည့် "ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်ဖက် နိုင်ငံရေး ယူနစ်" များအား ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ခွဲဝေအုပ်ချုပ်ခြင်းအား အားပေးသည့် အုပ်ချုပ်ရေး စနစ်တခုဖြစ်ပြီး အားလုံးနှင့် သက်ဆိုင်သော ဖက်ဒရယ်ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက် များ ချမှတ်ရာတွင် ထိုအစိတ်အပိုင်းယူနစ်များမှ ကိုယ်စားပြု ပါဝင်ရေးအခွင့်အာဏာကို နိုင်ငံ ရေးအရ အပ်နှင်းထားသည့် စနစ်ဖြစ်သည်။ ဖက်ဒရယ်စနစ်၏ အဓိကအနှစ်သာရမှာ စုံလင် ကွဲပြားစွာ ရှိတည်နေသော နိုင်ငံရေးအသိုက်အဝန်းများကို တရားမျှတမှု၊ လွတ်လပ်မှု၊ အခွင့် တူညီမျှမှုတို့အား အခြေခံလျက် အင်အားမျှခြေ တည်ဆောက်ပေးသလို၊ ဖက်ဒရယ်တန်ဖိုး များကို မြှင့်တင်ခြင်းပြီး ဖက်ဒရယ်ယဉ်ကျေးမှုကိုလည်း တပြိုင်နက်တည်ဆောက်ခြင်းဖြစ် သည်။ ထိုတန်ဖိုးများသည် ဖက်ဒရယ်စနစ် အသက်ဝင်နေစေရေးအတွက် မရှိမဖြစ် ကနဦး လိုအပ်ချက်များလည်း ဖြစ်သည်။ ဒီမိုကရေစီကို ကျင့်သုံးနိုင်ခြင်းမရှိပါက ဖက်ဒရယ်စနစ်ကို မည်သို့မျှကျင့်သုံးနိုင်မည် မဟုတ်ပါ။ ထိုသို့သော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ရန်မှာ ဖက်ဒရယ်တန်ဖိုးနှုန်းစံများကို အခြေခံထားနိုင်ရန် အရေးကြီးလှသည်။

စုံလင်ကွဲပြားသော နိုင်ငံရေးအသိုက်အဝန်းများအတွင်း တန်းတူညီမျှစွာ နိုင်ငံရေးကိုယ်စားပြုခွင့်အာဏာ မျှခြေကို တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအလေ့အထ၊ ပြဿနာများအား အားလုံးသဘောတူမျှခြင်းနည်းလမ်းဖြင့် အဖြေထုတ်ယူတတ်ခြင်းအလေ့အထ၊ မတူကွဲပြားမှုအား တန်ဖိုးထား လေးစားတတ်ခြင်း၊ တန်းတူညီမှုကို အပြန်အလှန် နားလည်ကျင့်သုံးခြင်း၊ နားလည်မှုထား အပေးအယူပြုလုပ်တတ်ခြင်းစသည့် ဖက်ဒရယ်ယဉ်ကျေးမှုများကို အခြေခိုင်မာအောင် ကြိုးစားတည်ဆောက်ကြရမည်ဖြစ်သည်။

ဖက်ဒရယ်စနစ်သည် မတူကွဲပြားသော လူ့အဖွဲ့အစည်းများကို ပြည်ထောင်စုနိုင်ငံတခုတည်းအဖြစ် စုစည်းပေးနိုင်သည့် နိုင်ငံရေးစနစ်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု အဆင့်နှင့် "ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံရေးယူနစ်များ" အကြား အပြန်အလှန်ထိန်းကြောင်းနိုင်ခြင်းဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများကို ပိုမိုထိရောက်စေနိုင်ပါသည်။ "ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံရေးယူနစ်" များသည် မိမိတို့ယူနစ်တွင်း လိုအပ်ချက်များကို မိမိတို့ယူနစ်နှင့် သင့်လျော်မှုအရှိဆုံး၊ အကောင်းဆုံးမူဝါဒများနှင့် ဝန်ဆောင်မှုများအား ချမှတ်ကျင့်သုံးဖော်ဆောင်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာရရှိသည်ဖြစ်ရာ မိမိတို့ယူနစ်အတွင်းရှိ ပြည်ထောင်စုသားများအတွက် တတ်နိုင်သမျှ အကောင်းဆုံး ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့် တိုးတက်ကောင်းမွန်သော လူမှု-စီးပွားရေးဘဝများကို ဖော်နိုင်ခွင့်ရှိမည်ဖြစ်သည်။

## လူနည်းစုအခွင့်အရေးများအား ကာကွယ်မြှင့်တင်ခြင်း

လူမျိုးစု၊ ဘာသာရေး၊ ဘာသာစကားအစရှိသော ကိုယ်ပိုင်ဝိသေသ အမှတ်လက္ခဏာများအား ကျင့်သုံးလျက်ရှိသည့် လူအုပ်စုများစွာ မှီတင်းနေထိုင်နေသော ကွဲပြားစုံလင်မှုကျယ်ကျယ်ပျံ့ပျံ့ရှိနေသည့်နိုင်ငံများသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစနစ် ကျင့်သုံးရာတွင် နိုင်ငံရေးအရ ကိုယ်စားပြုခွင့်အာဏာ မျှတစွာ ခွဲဝေနိုင်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ရာထူးများနှင့် သယံဇာတအပါအဝင် စီးပွားရေး အရင်းအမြစ်များအား မျှတစွာ စီမံနိုင်ရေးတို့အတွက် စီမံခန့်ခွဲရခက်သည့် ပြဿနာရှိတတ်ပါသည်။

ဖက်ဒရယ်ဒီမိုကရေစီစနစ် မကျင့်သုံးနိုင်မီ အခြေအနေများတွင် မတူကွဲပြားစုံလင်မှုများအား တရားမျှတမှု၊ အခွင့်တူညီမျှမှုအခြေခံများဖြင့် ကောင်းမွန်မှန်ကန်စွာ စီမံခန့်ခွဲနိုင်ခြင်းမျိုးမရှိပဲ လူမျိုးကြီးဝါဒကျင့်သုံးခြင်း၊ မတူညီသည့် မျိုးနွယ်စုအချင်းချင်း(အဆိုးဝါးဆုံးအနေဖြင့်) မျိုးတုန်းအောင် သုတ်သင်ဖယ်ရှင်းပစ်ခြင်း၊ လွှမ်းမိုးနိုင်သော ဩဇာရှိနေသည့် လူမျိုးစုများက လွှမ်းမိုးနိုင်သောဩဇာနည်းပါးသော လူမျိုးစုများအား လွှမ်းမိုးလျက် မိမိတို့လူမျိုးစုဇာတ်သွင်းပစ်ခြင်း (လူမှုရေးစနစ်၊ ဓလေ့၊ ဘာသာစကား စသည်ဖြင့်…) များရှိ

တတ်သည်။ အခြားတဖက်တွင်လည်း မတူညီကွဲပြားစုံလင်မှုများအား နိုင်ငံရေးအရအပြန်အလှန် အသိအမှတ်ပြု၍ စုစည်းပေါင်းစည်းခြင်း၊ ညှိနှိုင်းပြေလည်စေခြင်းများရှိသလို၊ နိုင်ငံရေးအရ စည်းနှောင်ထိန်းချုပ်ခြင်းမရှိဘဲ မိမိတို့၏နိုင်ငံရေးကံကြမ္မာအား ကိုယ်တိုင် အပြည့်အဝပြဋ္ဌာန်း ပိုင်ခွင့်အား အသိအမှတ်ပြုခြင်းစသည်ဖြင့် ရင့်ကျက်သောနိုင်ငံရေးယဉ်ကျေးမှုမျိုးကို ကျင့် သုံးနိုင်ကြခြင်းမျိုးလည်း ရှိနိုင်ပါသည်။

လူနည်းစုအခွင့်အရေးများသည် လူ့အဖွဲ့အစည်းတခုအတွင်း အများစုဖြစ်နေသော သရုပ်လက္ခဏာတူအစု (လူမျိုး၊ ဘာသာစကား၊ ဘာသာကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ) နှင့် မတူညီသည့်သရုပ်လက္ခဏာများရှိနေသော လူမျိုးစု၊ ဘာသာစကား၊ ဘာသာ ရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိနေသောအစုများ၏ အခွင့်အရေးများကို ကာကွယ်ပေး ခြင်းကို ရည်ညွှန်းသည်။

## လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသော အုပ်စု (Minority)

Minority ဆိုသည်မှာ မွေးဖွားရာဇာတိဝန်းကျင်အဖွဲ့အစည်းပေါ် မူတည်လျက် ဝိသေသလက္ခဏာတချို့ကို မျှဝေဘုံပြုကျင့်သုံးလျက်ရှိကြသည့်အကြောင်းကြောင့် လူ့အဖွဲ့ အစည်းတခုအတွင်း အခြားသောအစုများအောက် အရွယ်အစားအားဖြင့် ပိုမိုသေးငယ်သွားရ သော၊ ထိုသို့ အခြားသောအစုများနှင့်မတူသည့် ဝိသေသလက္ခဏာတို့ကို ကျင့်သုံးနေခြင်း ကြောင့် မျှတလျော်ကန်မှု မရှိသည့် ပြုမူဆက်ဆံခံရခြင်းကို ခံရကောင်းခံရနိုင်ခြေရှိသည့် လူ အုပ်စုဟု ကင်းဘရစ်ချ်အဘိဓာန်မှ အနက်ဖွင့်ဆိုပါသည်။ အောက်စဖို့ထ်အဘိဓာန်ကမူ လူမျိုး နွယ်စုအားဖြင့်၊ ကိုးကွယ်ယုံကြည်မှုအားဖြင့်၊ ဘာသာစကားအားဖြင့် … အစရှိသော မတူညီ မှုတခုခုကြောင့် လူမှုအဝန်းအဝိုင်းတခုခု (သို့မဟုတ်) နိုင်ငံတခုခုအတွင်းတွင် သေးငယ်သော အုပ်စုအဖြစ် ရပ်တည်နေရသော လူအုပ်စုဟု အနက်ဖွင့်သည်။ ပိုမိုပြည့်စုံသည့် အဓိပ္ပာယ်ဖွင့် ဆိုချက်အဖြစ် လူသားရပိုင်ခွင့်ဆိုင်ရာဥပဒေပညာရှင် Francesco-Capotorti က ၁၉၉၇ တွင် ဖွင့်ဆိုခဲ့သည်။ သူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ Minority ဆိုသည်မှာ လူဦးရေ အရေ အတွက်အရ နိုင်ငံတခုခုအတွင်းရှိနေသော အခြားသောအစုဝင်လူများအောက် နည်းပါးသော (သို့မဟုတ်) မိမိတို့အစု၏ ကောင်းမွန်မှန်ကန်ပြီး ရသင့်ရထိုက်သော အခွင့်အရေးနှင့် အကျိုး တို့ကို ရရှိကာကွယ်နိုင်ရေးအတွက် လွှမ်းမိုးနိုင်စွမ်းသော လွှမ်းမိုးနိုင်သည့်ဩဇာ မရှိသည့် လူ အုပ်စုဖြစ်သည်။ လူနည်းစုအခွင့်အရေးများသည် လူ့အခွင့်အရေးများ၏အရေးပါသောအစိတ် အပိုင်းတခုဖြစ်ပြီး အောက်ပါ အပြည်ပြည်ဆိုင်ရာ စံနှုန်းများအပေါ် အခြေခံထားသည်။

- နိုင်ငံရေးပါဝင်မှု
- တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေး

- လူမှုဓလေ့ နှင့် ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်
- တရားမျှတမှုနှင့် အများပြည်သူဝန်ဆောင်မှုများသို့ လက်လှမ်းမီခွင့်
- ဘာသာကိုးကွယ်ယုံကြည်မှုလွတ်လပ်ခွင့်
- ကိုယ်ပိုင်ဘာသာစကားအသုံးပြုခွင့်
- ပညာရေးနှင့် သတင်းမီဒီယာအခွင့်အရေးများ
- စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအခွင့်အရေးများ

ဖက်ဒရယ်စနစ်သည် အာဏာကို အဆင့်များစွာ (ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသခံအဆင့်) အကြား ခွဲဝေထားသော စနစ်တခုဖြစ်သဖြင့် လူနည်းစုများ ပါဝင်နိုင်ရန် အဖွဲ့အစည်းဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးသည်။ သီအိုရီအရ ဖက်ဒရယ်စနစ်သည်

- ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule)
- အတူတကွပူးပေါင်းအုပ်ချုပ်မှု (Shared rule)

တို့အား ပြည်ထောင်စုစနစ်အတွင်း အာဏာမျှခြေတည်ငြိမ်စေရန် ဟန်ချက်ညီညီညွတ်စွာ ပေါင်းစပ်ဒီဇိုင်းလုပ်လျက် လုပ်ပိုင်ခွင့်အာဏာများကို အစိုးရအလွှာများအလိုက် ခွဲဝေကျင့်သုံးခြင်းအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်ထောင်စုတဝန်းလုံးအဆင့် ပေါင်းစည်းမှုတို့ကို တပြိုင်နက်တည်းအားပေးပြီး လူနည်းစုအခွင့်အရေးများကို ကာကွယ်မြှင့်တင်ရာတွင် အရေးပါသည်။ ဖက်ဒရယ်စနစ်တွင် ထိုအခွင့်အရေးများကို အာဏာခွဲဝေမှုမှတဆင့် ကာကွယ်နိုင်ပြီး ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အလွှာတွင် ကိုယ်ပိုင်မူဝါဒများ ချမှတ်နိုင်စေရန် အခွင့်အလမ်းပေးသည်။

## လူနည်းစုအခွင့်အရေးကာကွယ်မြှင့်တင်ရေး ယန္တရားများ

နိုင်ငံတကာစံနှုန်းများ

၁၆၄၈ ခုနှစ် Westphallia သဘောတူစာချုပ်တွင် လူနည်းစုအခွင့်အရေးသည် နိုင်ငံတကာသဘောတူညီမှုအဖြစ် စတင်တွေ့ရှိရသည်။ အချုပ်အခြာပိုင်နိုင်ငံများ၏ အခွင့်အရေးနှင့်အတူလည်းကောင်း၊ နိုင်ငံများတွင်နေထိုင်သော နိုင်ငံသားပြည်သူများနှင့် လူနည်းစုတို့၏ အခွင့်အရေးကို သင့်မြတ်သဟဇာတဖြစ်စေပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ကုလသမဂ္ဂတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြ

ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ် (၅၀) ကျော်အတွင်း နိုင်ငံတကာအသိုင်းအဝိုင်းက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတိုးတက်စေရန် နိုင်ငံအားလုံးနှင့်သက်ဆိုင်သော "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးအတွက် ကျယ်ပြန့်သောစံနှုန်းများ ချမှတ်ခဲ့သည်။

"လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးများ အပြည့်အစုံအား အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တခုတည်းတွင် စုစည်းပေါင်းထည့်ခြင်း မပြုရသေးသော်လည်း အမျိုးမျိုးသောကုလသမဂ္ဂ၊ ဒေသဆိုင်ရာသဘောတူညီချက်စာချုပ်များနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပျံ့နှံ့လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာဥပဒေအောက်ရှိ "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးအတွက် ပဓာနကျသော ကိစ္စရပ် (၂) ခုမှာ

(၁) တန်းတူညီမျှခြင်း/ ခွဲခြားဆက်ဆံမှု ကင်းစင်ခြင်း

(၂) လူနည်းစုတို့၏ ထူးခြားသောဝိသေသလက္ခဏာတို့ကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့ဖြစ်သည်။

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ICCPR ၏ အပိုဒ်(၂၇)တွင် "တိုင်းရင်းသား၊ ကိုးကွယ်ရာဘာသာတရားနှင့်ဘာသာစကားဆိုင်ရာ လူနည်းစုတို့တည်ရှိသည့်နိုင်ငံအတွင်း၊ အခြားသူများနှင့် ရောနှောနေထိုင်ရသည့် လူနည်းစုဝင်များရှိနေရာ လူမှုအသိုက်အဝန်းအတွင်း၊ အဆိုပါလူနည်းစုတွင်ပါဝင်သူများအားလည်းကောင်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို မွေ့လျော်ကျင့်သုံးနိုင်ရန်၊ ကိုးကွယ်သည့်ဘာသာတရားကို ကိုးကွယ်ဆည်းကပ်ကျင့်ကြံနိုင်ရန်၊ ကိုယ်ပိုင်ဘာသာစကားကို သုံးစွဲနိုင်ရန် အခွင့်အရေးကို ငြင်းပယ်ခြင်း မပြုရဟု ဖော်ပြထားသည်။ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက နိုင်ငံသား(သို့မဟုတ်) တိုင်းရင်းသား၊ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုပုဂ္ဂိုလ်များ၏ အခွင့်အရေးကြေညာစာတမ်း ("လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေး ကြေညာစာတမ်း) ကို လက်ခံအတည်ပြုခဲ့သည်။ ဥရောပနိုင်ငံများက လူနည်းစုအခွင့်အရေးအဓိပ္ပာယ်သတ်မှတ်ရာတွင် ထပ်မံတိုးချဲ့ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) ၏ ၁၉၉၀ ကိုပင်ဟေဂင် စာတမ်းသည် ပိုမိုပြည့်စုံမှုရှိသော "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို ကိုယ်စားပြုသည်။

"လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးအပေါ်အဝင် လိုက်နာဆောင်ရွက်ရမည့် လူ့အခွင့်အရေးလုပ်ငန်းတာဝန်များ ထိရောက်မှုရှိစေရန် နိုင်ငံတော်များအား အချို့သောအစီအမံများ ပြုလုပ်ရန် နိုင်ငံတကာဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားချက်များရှိသည်။ ဖက်ဒရယ်ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံများတွင် နိုင်ငံရေးအရ အရေးကြီးလှသောတန်ဖိုးများအဖြစ် အခြေခံရမည့်မူများဟု ယူဆနိုင်သည်။ နိုင်ငံများသည်_

- နိုင်ငံ၏တရားဥပဒေများနှင့် မူဝါဒများတွင် "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိ သောအုပ်စု" အခွင့်အရေးကို အသိအမှတ်ပြုရန်၊
- "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် ဥပဒေပြုရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များ ဆောင်ရွက်ထားရှိရန်၊
- "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးများကို နိုင်ငံတော်က (သို့မဟုတ်) အခြားသူများက နှောင့်ယှက်ခြင်းမရှိစေရန် ဥပဒေပြုရန်နှင့် ဥပဒေအတိုင်း ကျင့်သုံးမှုကို အသိအမှတ်ပြု ပံ့ပိုးဆောင်ရွက်ရန်၊
- "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ထိရောက်သော အရေးယူကိုင်တွယ်မှုများ၊ ကုစားမှုများ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ရန်၊
- "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအုပ်စု" အခွင့်အရေးများအား အသိအမှတ်ပြုမှုအပေါ် တာဝန်ခံခြင်းနှင့် တိုးတက်မှုရှိစေရန် ပုံမှန် အစီအစဉ်များရေးဆွဲကာ အကဲဖြတ်မှုများ၊ ကြီးကြပ် ဆောင်ရွက်မှုများကို လုပ်ဆောင်ကြရန်ဖြစ်သည်။

## ဖက်ဒရယ်စနစ်အတွင်း "လူနည်းစု (သို့မဟုတ်) လွှမ်းမိုးနိုင်စွမ်း ဩဇာမရှိသောအစု" အခွင့်အရေးများအား သေချာစေခြင်း

### အခြေခံဥပဒေမှတဆင့် အာမခံချက်

လူမျိုးစုများစွာ ပါဝင်သော ဖက်ဒရယ်ပြည်ထောင်စုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်း ကွဲပြားစုံလင်သည့် ပြည်ထောင်စုသားများ၏ အခွင့်အရေးများအား အသိအမှတ်ပြုခြင်း၊ မတူကွဲပြား စုံလင်စွာရှိနေသော လူမျိုးစုများ၏ တန်းတူရည်တူရှိမှု၊ မတူကွဲပြားစုံလင်မှုများအကြားပဋိပက္ခဖြေရှင်းမှုဆိုင်ရာ အစီအမံများကို အခြေခံအကျဆုံး အုတ်မြစ်များအဖြစ် ထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။ ထို့ပြင် "ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်ဖက်နိုင်ငံရေးယူနစ်များ" အတွင်းကွဲပြားခြားနားစွာ အသုံးပြုလျက်ရှိသည့် ဘာသာစကားများကို အားပေးမြှင့်တင်ခြင်း၊ ရိုးရာဝန်းကျင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအား အကာအကွယ်ပေးရေး၊ မြှင့်တင်ရေးစသည့် အစီအမံများကို သေချာစေရမည်ဖြစ်သည်။

လူနည်းစုအခွင့်အရေးများကို အခြေခံဥပဒေအတွင်း သတ်မှတ်ထားခြင်းသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင်

- တန်းတူညီမျှမှု
- ခွဲခြားဆက်ဆံမှုမရှိရေး
- နိုင်ငံရေးပါဝင်မှု
- လူမှုဓလေ့ နှင့် ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်
- ဘာသာကိုးကွယ်ယုံကြည်မှုလွတ်လပ်ခွင့်
- ကိုယ်ပိုင်ဘာသာစကားအသုံးပြုခွင့် တို့ကို ထည့်သွင်းထားရမည်ဖြစ်သည်။

### နိုင်ငံရေးကိုယ်စားပြုမှု

လူနည်းစုများ၏ အသံကို ဖက်ဒရယ်စနစ်အတွင်းအစိုးရအဆင့်များတွင် ထင်ဟပ်စေရန်

- အချိုးကျကိုယ်စားပြုစနစ်
- အထူးသတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်နေရာများ
- လူနည်းစုပါဝင်နိုင်မှုမှုဆိုင်ရာ မူဝါဒများကို အသုံးပြုနိုင်သည်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အာဏာခွဲဝေမှု

ပြည်ထောင်စုအဖွဲ့ဝင် နိုင်ငံရေးယူနစ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်းသည် လူနည်းစုများ၏ အရေးအရာများကို ကိုယ်တိုင်စီမံနိုင်စေသည်။ ထိုအရာတွင်—

- ယူနစ်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးများတွင် လွတ်လပ်ထိရောက်စွာစီမံခန့်ခွဲမှု
- တရားမျှတမှုနှင့် အများပြည်သူဝန်ဆောင်မှုများသို့ လက်လှမ်းမီခွင့်
- အခြေခံလူမှုဝန်ဆောင်မှုများ (ပညာရေး၊ ကျန်းမာရေး စသည်...)
- အခြေခံ မရှိမဖြစ် ဝန်ဆောင်မှုများ (စည်ပင်သာယာရေးလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုံခြုံရေး..စသည်...)
- သတင်းမီဒီယာအခွင့်အရေးများ
- စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအခွင့်အရေးများ တို့ပါဝင်သည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲခြင်း**လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ပြည်ထောင်စုအဆင့်၊ ပြည်ထောင်စုအဖွဲ့ဝင် နိုင်ငံရေးယူနစ်အဆင့်နှင့် ဒေသန္တရအဆင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူနည်းစုများ၏ ထိရောက်စွာ ပါဝင်ခွင့်ကို သေချာစေရမည်ဖြစ်သည်။ ရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးခံခြင်း၊ မဲပေးခြင်း၊ အစိုးရရာထူးများတွင် ပါဝင်ဆောင်ရွက်ခွင့်အား လမ်းပိတ်မထားခြင်း၊ အခြားသော နိုင်ငံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း အပါအဝင် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များတွင် လူနည်းစု၏ ထိရောက်စွာ ပါဝင်နိုင်ခွင့်ကို လေးစားမှု ရှိရပေမည်။ ပြည်ထောင်စုအဆင့်၊ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အဆင့်နှင့် ဒေသဆိုင်ရာ အဆင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူနည်းစုအနေဖြင့် ထိရောက်စွာ ပါဝင်နိုင်ရန် လူနည်းစုများ၏ နိုင်ငံရေးပါတီဖွဲ့စည်းခြင်း၊ အဖွဲ့အစည်းသင်းပင်းဖွဲ့စည်းခြင်း အခွင့်အရေးများကို လေးစားစွာ အကာအကွယ်ပေးမှုရှိရမည်ဖြစ်သည်။ လူနည်းစုများ၏ ကိုယ်ပိုင်နိုင်ငံရေး ရပ်တည်ချက်အား ပြဋ္ဌာန်း ဆုံးဖြတ်ရပ်တည်ခွင့်ကို ဖက်ဒရယ်ပြည်ထောင်စုသည် အာမခံနိုင်ရမည်။ ပြည်ထောင်စုအဆင့် မူဝါဒများနှင့် အစီအစဉ်များ၊ စီမံကိန်းများချမှတ်ခြင်း (သို့မဟုတ်) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကူအညီပေးခြင်း အစီအစဉ်များတွင် လူနည်းစု၏ ရသင့်ရထိုက်သော အကျိုးစီးပွားကို မှန်ကန်မျှတ သင့်လျော်စွာ ထည့်သွင်းရေးဆွဲလျက် လေးစားမှုပေးရမည်။ သင့်လျော်သောအဖွဲ့အစည်းဆိုင်ရာမူဘောင်များအတွင်း လူနည်းစုများ သင့်လျော်သလိုပါဝင်သည့် အကြံပေး (သို့မဟုတ်) အတိုင်ပင်ခံ အဖွဲ့အစည်းများကို ဖွဲ့စည်းပေးရမည်ဖြစ်သည်။

## ဘာသာစကားနှင့် ယဉ်ကျေးမှုအကာအကွယ်

လူနည်းစုများ၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်—

- မိခင်ဘာသာစကားဖြင့် ပညာရေး
- ယဉ်ကျေးမှုအဖွဲ့အစည်းများ
- ဒေသဆိုင်ရာ မီဒီယာများတို့ကို အားပေးရမည်ဖြစ်သည်။

လူနည်းစုအုပ်စုတွင် ပါဝင်သူများအား **ဘာသာစကား**ကြောင့် ခွဲခြားဆက်ဆံခြင်း မပြုရပါ။ ဖက်ဒရယ် ပြည်ထောင်စုအတွင်း လူနည်းစုသုံးသည့် ဘာသာစကား၏ဖြစ်တည်မှုနှင့် ဝိသေသလက္ခဏာများကို အကာအကွယ်ပေးရမည်ဖြစ်သည်။ လူနည်းစု၏ ဘာသာစကားနှင့်ပတ်သက်သည့် အသိပညာများနှင့် သင်ယူလေ့လာမှုစွမ်းရည်များကို အားပေးသည့် အစီအမံများ လုပ်ဆောင်ပေးရပေမည်။ ပြည်ထောင်စုအတွင်း ပြည်ထောင်စုသားများရရှိမည့် အခွင့်အရေးနှင့် တာဝန်များအကြောင်းကို ၎င်းတို့ဘာသာစကားဖြင့် သတင်းပေးအကြောင်းကြားရန် အစီအမံများ ချမှတ်ရပါမည်။ ၎င်းတို့နေထိုင်ရာဒေသရှိ ထင်ရှားသော အရာများအား အမည်ပေးမှုများတွင် ၎င်းတို့၏ ရိုးရာအခေါ်အဝေါ်များဖြင့် မှည့်ခေါ်ရန်၊ သုံးစွဲသည့် ဘာသာစကားဖြင့် ဖော်ပြပေးရန် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ တရားရုံးများတွင် စကားပြန်ထားရှိခွင့် ပေးရမည်ဖြစ်သည်။

လူနည်းစုတို့၏ **ယဉ်ကျေးမှုဝိသေသလက္ခဏာများ** ထိန်းသိမ်းခြင်းအတွက် လိုအပ်သည့် ကာကွယ်မှု၊ ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

မီဒီယာများတွင် လူနည်းစုဝင်များနှင့်ပတ်သက်သည့်သတင်းများဖော်ပြရာတွင် သုံးစွဲသောစကားလုံးအသုံးအနှုန်းများ၊ ဖော်ပြချက်များသည် ထိုလူနည်းစုဝင်များ၏လက်တွေ့အသုံးပြုလျက်ရှိသော အသုံးအနှုန်းများနှင့်သွေဖယ်မှုမရှိစေရေးအတွက် အတည်ပြုချက်များ ရယူပြီးမှ ရေးသားဖော်ပြကြရန် အထူးသတိပြုကြရန်လိုအပ်ပါသည်။

## တရားရေးနှင့် လွတ်လပ်သောအဖွဲ့အစည်းများ

လူနည်းစုအခွင့်အရေးများကို ကာကွယ်ရန်—

- တရားရုံးများ
- လူ့အခွင့်အရေးကော်မရှင်များ
- အာဏာပိုင်များအား စွပ်စွဲတိုင်တန်းချက်ကို စုံစမ်းစစ်ဆေးပိုင်ခွင့်ရှိသည့် ရှေ့နေအဖွဲ့များသည် အရေးပါသော အခန်းကဏ္ဍများရှိပါသည်။

ဖက်ဒရယ်ပြည်ထောင်စုအတွင်း မည်သည့်**တရားစီရင်ရေးစနစ်**ကို ကျင့်သုံးစေကာမူ တရားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရာတွင် လူနည်းစုတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် ၎င်း လူနည်းစုတို့၏ ဓလေ့ထုံးစံများနှင့် ဓလေ့ထုံးတမ်းဥပဒေများကို မှန်ကန်သင့်လျော်သည့် လေးစားမှု ပေးရမည်ဖြစ်သည်။

## ပညာရေး

ပညာရေးအခွင့်အလမ်းများ၊ တန်းတူရရှိရေးအတွက် လူနည်းစုများ၏ အခွင့်အရေးကို အသိအမှတ်ပြုရမည်ဖြစ်ပြီး လူနည်းစုဖြစ်ခြင်းပေါ် မူတည်ပြီး သီးခြားခွဲထုတ်ထားစေသော ပညာရေးစနစ်များကို ထူထောင်ထားရှိခြင်း မပြုရပါ။ သို့ရာတွင် လူနည်းစုများ၏လွတ်လပ်သောသဘောဆန္ဒအရ ကိုယ်ပိုင်ကျောင်းများ ထူထောင်ထားရှိခြင်းနှင့် ကိုယ်ပိုင်ရိုးရာပညာရပ်များ ထိန်းသိမ်းခြင်းအပါအဝင် ၎င်းတို့၏ပညာရေးအစီအစဉ်များအား ဆောင်ရွက်နိုင်ရန် အခွင့်အရေးများကိုမူ အသိအမှတ်ပြု အားပေးရမည်ဖြစ်သည်။

ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ပညာရေးနယ်ပယ်တွင် လူနည်းစု၏သမိုင်းကြောင်း၊ ရိုးရာအစဉ်အလာ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့နှင့်ပတ်သက်သည့် အသိပညာများကို အားပေးရန် အစီအမံများ လုပ်ဆောင်ရမည်။

## ကိုးကွယ်ယုံကြည်မှု

ဖက်ဒရယ်ပြည်ထောင်စုအတွင်း ကိုးကွယ်ယုံကြည်မှုကြောင့် လူနည်းစုတွင် ပါဝင်သူများကို တန်းတူညီမျှ ဆက်ဆံရမည်ဖြစ်ပြီး၊ ခွဲခြားဆက်ဆံခြင်းများ လုံးဝမဖြစ်ပေါ်စေရန် အာမခံရမည်ဖြစ်သည်။ လူနည်းစုများ၏ ဘာသာရေးယုံကြည်ချက်များကို ထိန်းသိမ်းပြုစုပျိုးထောင်နိုင်ရန် ကိုးကွယ်ယုံကြည်မှုဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအပင်းများ ထူထောင်ရန် အခွင့်အရေးများကို ကာကွယ် မြှင့်တင်ပေးရမည် ဖြစ်သည်။ လူနည်းစုဘာသာဝင်များ၏ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဘာသာရေးကိစ္စများတွင် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အဆက်အသွယ်များ ပြုလုပ်ရန်နှင့် ထိုအဆက်အသွယ်များကို ထိန်းသိမ်းထားရန် အခွင့်အရေးများကို လေးစားမှု ရှိရပေမည်။ နိုင်ငံများသည် လူနည်းစုများ၏ ဘာသာရေးနှင့် သက်ဆိုင်သည့်၊ ဝတ်ပြုကိုးကွယ်မှုပြုရာတွင် လိုအပ်သည့်အရာဝတ္ထုများ ပြုလုပ်ရန်၊ ရယူသုံးစွဲရန် အခွင့်အရေးများကိုလေးစားမှုရှိရမည်။

### ဘဏ္ဍာရေးဆိုင်ရာ မျှတစေရေး

ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အလိုက် မညီမျှမှုများကို လျှော့ချရန်—

- အသုံးစားရိတ်မျှတညီမျှစေရန်လိုအပ်သလို ထိန်းညှိလွှဲပြောင်းပေးသော ဘဏ္ဍာရေး အစီအမံများ (Equalization transfers) ထားရှိခြင်း။
- ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။

### နိုင်ငံတကာအတွေ့အကြုံများ_ ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံအလိုက်လေ့လာမှုများ

နိုင်ငံတကာအတွေ့အကြုံများအရ ဖက်ဒရယ်စနစ်များသည် လူနည်းစုအခွင့်အရေး များကို ကာကွယ်ရာတွင် ဘာသာစကားအခွင့်အရေးများကို ဥပဒေအတွင်း ထည့်သွင်းထား ခြင်း၊ ပြည်နယ်အဆင့်တွင် ကိုယ်ပိုင်မူဝါဒများ ချမှတ်ခွင့်ပေးခြင်း၊ နိုင်ငံရေးကိုယ်စားပြုမှုကို တိုးမြှင့်ခြင်း စသည်ဖြင့် မတူညီသောနည်းလမ်းများကို အသုံးပြုကြသည်။ သို့သော် အချို့နိုင်ငံ များတွင် အဖွဲ့အစည်းအားနည်းမှုနှင့် မူဝါဒ အကောင်အထည်ဖော်မှုအားနည်းခြင်းကြောင့် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေတတ်သည်။

### ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Territorial Autonomy)

လူနည်းစုများကို ကိုယ်ပိုင်ဒေသအတွင်း အုပ်ချုပ်ခွင့်ပေးခြင်းသည် အရေးပါသော ယန္တရားတခု ဖြစ်သည်။

အဓိကလက္ခဏာများအဖြစ် လူမျိုးစု သို့မဟုတ် ဘာသာစကားအခြေပြု ပြည်နယ်/ ဒေသများ ဖွဲ့စည်းခြင်း၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအပေါ် အာဏာပိုင် ခွင့်၊ စီးပွားရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ အချို့သောလုပ်ငန်းများအပေါ် ထိန်းချုပ်ခွင့်များ အပ်နှင်း ထားသည်ကိုတွေ့ရသည်။ ဥပမာ အီသီယိုးပီးယားသည် လူမျိုးစုအခြေပြုဖက်ဒရယ်စနစ်ကို အသုံးပြုပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လူမျိုးစုအလိုက် ဖွဲ့စည်းထားသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင်—

- ကိုယ်ပိုင်ဘာသာစကား အသုံးပြုခွင့်
- ယဉ်ကျေးမှုမြှင့်တင်ခွင့်
- ကိုယ်ပိုင်အုပ်ချုပ်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေး များ ရှိသည်။

အားသာချက်များအဖြစ်ယဉ်ကျေးမှုထိန်းသိမ်းမှုကို မြှင့်တင်နိုင်ခြင်း ၊ ပြည်ထောင်စုအာဏာ အပေါ် မလွန်ကဲစေရန်ထိန်းညှိနိုင်ခြင်းတို့ကို တွေ့ရသည်။ အကန့်အသတ်များအဖြစ် လူမျိုးစု အလိုက် ခွဲခြားမှု ပိုမိုပြင်းထန်နိုင်ခြင်း ၊ ဒေသများအကြား ပဋိပက္ခများ ဖြစ်ပေါ်နိုင်ခြင်း တို့ကို တွေ့ရပါသည်။

## ပြည်ထောင်စုအဆင့် အာဏာမျှဝေမှု

လူနည်းစုများသည် ပြည်ထောင်စုအဆင့်တွင်လည်း ကိုယ်စားပြုမှု ရရှိရန် လိုအပ်သည်။ ယန္တရားများအဖြစ် အာဏာတူလွှတ်တော်နှစ်ရပ်စနစ် (အထက်လွှတ်တော်မှ ဒေသများကို ကိုယ်စားပြုခြင်း)၊ အထူးသတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်နေရာများ ထားရှိခြင်း၊ ပူးတွဲအုပ်ချုပ်ရေးအစီအစဉ်များထားရှိခြင်း။ ဥပမာ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားပြည်ထောင်စုတွင် Bosniaks, Croats နှင့် Serbs လူမျိုးတို့အကြား အာဏာမျှဝေမှု စနစ်တခုကို ကျင့်သုံးထားပြီး လူမျိုးစုသုံးစုလုံးမှ ကိုယ်စားပြုပါဝင်သော သမ္မတအများထားရှိသည့်စနစ်ဖြင့် အဓိကလူမျိုးစုများကို ကိုယ်စားပြုထားသည်။ အားသာချက်များအဖြစ် ပြည်ထောင်စု အဆင့်ဆုံးဖြတ်ချက်များမှ လူနည်းစုများ ဖယ်ရှားမခံရစေရန် ကာကွယ်ခြင်း ၊ နိုင်ငံရေးတွင် ပါဝင်မှုကို တိုးမြှင့်နိုင်ခြင်းတို့အား တွေ့ရပါသည်။ စိန်ခေါ်မှုများအဖြစ် အဖွဲ့အစည်း ပိုင်း ဆက်စပ်မှုရှုပ်ထွေးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် အတားအဆီးများ ဖြစ်ပေါ်နိုင်ခြင်းတို့ကို တွေ့ရသည်။

## အခြေခံဥပဒေနှင့် ဥပဒေဆိုင်ရာ ကာကွယ်မှု

လူနည်းစုအခွင့်အရေးများကို ကာကွယ်ရန် ခိုင်မာသော အခြေခံဥပဒေလိုအပ်သည်။ အဓိကအချက်များအဖြစ် တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အသိအမှတ်ပြုမှု၊ တရားရေးမှ ကာကွယ်နိုင်သော ယန္တရားများ။ ဥပမာ ကနေဒါ ကနေဒါနိုင်ငံ၏ Charter of Rights and Freedoms သည်—

- အင်္ဂလိပ် နှင့် ပြင်သစ် ဘာသာစကားအခွင့်အရေးများ
- လူနည်းစု ပညာရေးအခွင့်အရေးများကို ကာကွယ်ပေးထားပြီး Quebec ပြည်နယ်တွင် ပြင်သစ် ယဉ်ကျေးမှုကို ထိရောက်စွာ ထိန်းသိမ်းထားနိုင်သည်။

## ဘဏ္ဍာရေးဖက်ဒရယ်စနစ် (Fiscal Federalism)

စီးပွားရေးမညီမျှမှုများသည် လူနည်းစုများ၏ မညီမျှမှုကို ဖြစ်စေတတ်သည်။ ထို့ကြောင့် ဘဏ္ဍာရေး စနစ်သည် အရေးပါသည်။ ယန္တရားများအဖြစ် ဝင်ငွေခွဲဝေမှုစနစ် ၊အသုံးစားရိတ်မျှတညီမျှစေရန် လိုအပ်သလို ထိန်းညှိလွှဲပြောင်းပေးသောဘဏ္ဍာရေး အစီအမံများ (Equalization transfers) ထားရှိခြင်း (Equalization transfers) ၊ ဒေသဆိုင်ရာ အရင်းအမြစ်များအပေါ် ထိန်းချုပ်ခွင့်များကိုလိုအပ် သလိုခွဲဝေခြင်းတို့အား လုပ်ဆောင်ထားနိုင်သည်။ ဥပမာ နိုင်ဂျီးရီးယားရေနံထွက်ဒေသများ (Niger Delta) တွင် အရင်းအမြစ်ထိန်းချုပ်မှုတောင်းဆိုမှုများဖြစ်ပေါ်ခဲ့ပြီး ထို့ကြောင့် derivation principle (၁၃% ဝင်ငွေပြန်လည်ပေးခြင်း) ကို စတင်အသုံးပြုခဲ့သည်။ သင်ခန်းစာအဖြစ် ဘဏ္ဍာရေးဖက်ဒရယ်စနစ်သည် တရားမျှတမှုရှိသည်ဟု မြင်နိုင်ရန်အရေးကြီးပါသည်။ တရားမျှတမှုမရှိဟုခံစားရပါက ပဋိပက္ခများဖြစ်ပေါ်နိုင်သည်။

## ဘာသာစကားနှင့် ယဉ်ကျေးမှုအခွင့်အရေးများ

လူနည်းစုအခွင့်အရေးများတွင် ယဉ်ကျေးမှုကာကွယ်ရေးသည် အဓိကဖြစ်သည်။

မူဝါဒများအဖြစ် ဘာသာစကားမျိုးစုံပါဝင်သော ပညာရေးစနစ်၊ လူနည်းစုဘာသာစကားများကို တရားဝင်အသိအမှတ်ပြုခြင်း၊ ယဉ်ကျေးမှုအဖွဲ့အစည်းများအား ဖွဲ့စည်းဆောင်ရွက်ခွင့်ပြု ခြင်းများကိုတွေ့ရသည်။ ဥပမာ ဆွစ်ဇာလန်ကွန်ဖက်ဒရေးရှင်းပြည်ထောင်စုတွင် German, French, Italian နှင့် Romansh ဘာသာစကားများကို တရားဝင် အသိအမှတ်ပြုပြီး ပြည်ထောင်စုအဖွဲ့ဝင် Cantons များသည် ကိုယ်ပိုင်ဘာသာစကားကို သတ်မှတ်နိုင်သည်။

## ဒေသအလိုက် လုပ်ပိုင်ခွင့်အပ်နှင်းခွဲဝေထားသောပြည်သူ့ဝန်ဆောင်မှုများ (Decentralized Service Delivery)

အုပ်ချုပ်မှုသည် ပြည်သူနှင့် နီးစပ်လာသောအခါ လူနည်းစုများ အကျိုးခံစားခွင့် ပိုမိုရရှိနိုင်သည်။

ယန္တရားများအဖြစ် ပညာရေးနှင့် ကျန်းမာရေးအပေါ် ပြည်နယ်မှထိန်းချုပ်ခွင့်၊ ပြည်သူပါဝင်မှုစနစ်တို့ကို တည်ဆောက်ထားနိုင်သည်။ ဥပမာ အိန္ဒိယနိုင်ငံရှိပြည်နယ်များတွင် ပညာရေးနှင့် ယဉ်ကျေးမှုမူဝါဒများကို ထိန်းချုပ်နိုင်ပြီး လူမျိုးစုဒေသများအတွက် အထူးအခွင့်အရေးများ ရှိသည်။

## လုံခြုံရေးနှင့် တရားမျှတရေးစနစ်များ

လူနည်းစုအခွင့်အရေးများကို ကာကွယ်ရန် လုံခြုံရေးအဖွဲ့အစည်းများအပေါ် ယုံကြည်မှုရှိရမည်။

ယန္တရားများအဖြစ် လူမှုအခြေပြု ရဲလုပ်ငန်း (Community policing) ၊ ရဲနှင့် တရားရေးအဖွဲ့များတွင် လူနည်းစုကိုယ်စားပြုမှု၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများမှ ကာကွယ်မှုစနစ်များအား တည်ဆောက်ထားသည်။ ဥပမာ တောင်အာဖရိက လူမျိုးအသားအရေခွဲခြားမှု (Apartheid) ပြီးနောက် ပြုပြင်ပြောင်းလဲမှုများတွင်—

- စုံလင်ကွဲပြားသောလူမျိုးစုပြည်သူများပါဝင်မှုမြင့်မားသော ရဲစနစ်
- အခြေခံဥပဒေခုံရုံးမှ လူ့အခွင့်အရေးကာကွယ်မြှင့်တင်မှုတို့ကို အထူးအာရုံစိုက် ဆောင်ရွက်ခဲ့ကြသည်။

ဤအချက်များအားလုံးသည် ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများကို ထိရောက်စွာ ကာကွယ်ရန်အတွက် ဥပဒေ၊ အဖွဲ့အစည်းနှင့် မူဝါဒများကို ပေါင်းစပ်ထားသော စနစ်တစ်ခု လိုအပ်ကြောင်းကို ပြသသည်။

## စိန်ခေါ်မှုများ

ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများကို ကာကွယ်ရာတွင်—

- နိုင်ငံရေးအမြတ်အတွက် အသုံးချခြင်း
- အဖွဲ့အစည်းဆိုင်ရာအားနည်းမှုများ
- ဘဏ္ဍာရေးမညီမျှမှုအား ထိရောက်စွာထိန်းညှိနိုင်ခြင်းအားနည်းမှု
- ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အတွင်း လူနည်းစုများ၏အခွင့်အရေးများ လျော့နည်းလာခြင်း စသည်တို့သည် အဓိက စိန်ခေါ်မှုများဖြစ်သည်။

## အဆုံးသတ် သုံးသပ်ချက်

ဖက်ဒရယ်စနစ်အတွင်း လူနည်းစုအခွင့်အရေးများကို ကာကွယ်ခြင်းသည် စနစ်တကျ ဒီဇိုင်းရေးဆွဲထားသော ဥပဒေများ၊ ခိုင်မာသော အဖွဲ့အစည်းများနှင့် ပြည်သူပါဝင်မှုအပေါ် မူတည်သည်။ ထိုအခွင့်အရေးများကို ထိရောက်စွာ ကာကွယ်နိုင်ပါက ဒီမိုကရေစီ တည်တံ့ခိုင်မြဲမှု၊ လူမှုညီညွတ်မှုနှင့် နိုင်ငံတည်ငြိမ်မှုတို့ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

စုံလင်ကွဲပြားသော နိုင်ငံရေးအသိုက်အဝန်းအလိုက်၊ နယ်မြေဒေသအလိုက် "ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် နိုင်ငံရေးယူနစ်များ" အတွင်းရှိနေသော ဂပြည်သူများက မိမိတို့နေထိုင်သော ပြည်ထောင်စုသည် ပြည်ထောင်စုသားအားလုံး အတူတကွ စုပေါင်းပိုင်ဆိုင်ကြသောပြည်ထောင်စုဟု ခံယူနိုင်ကြမှသာ ဖက်ဒရယ်စနစ်သည် အသက်ဝင်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန် လူမျိုးကြီးဝါဒ၊ ကျဉ်းမြောင်းသောလူမျိုးငယ်ဝါဒအစရှိသည့် လူမျိုးစုဖြစ်တည်ခြင်းအပေါ် ဇောင်းပေးဗဟိုပြုလွန်းသော နိုင်ငံရေးစီးကြောင်းမျိုး မဖြစ်စေရေးအတွက် အမျိုးသားတန်းတူရည်တူရှိမှု၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်တို့အား အာမခံသည့် ခွဲခြားဆက်ဆံမှု ကင်းစင်ပြီး တန်းတူအခွင့်တူညီမျှရေး အခြေခံသော ဖက်ဒရယ်ယဉ်ကျေးမှုထွန်းကားလာစေရေး ရှေးရှုကြရန် ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်၏ အဓိကအနှစ်သာရမှာ စုံလင်ကွဲပြားစွာ ရှိတည်နေသော နိုင်ငံရေးအသိုက်အဝန်းများကို တရားမျှတမှု၊ လွတ်လပ်မှု၊ အခွင့်တူညီမျှမှုတို့အား အခြေခံလျက် အင်အားမျှခြေ၊ အရင်းအမြစ် အညီအမျှ ရယူအသုံးပြုခွင့် မျှခြေများ တည်ဆောက်ပေးသလို၊ ဖက်ဒရယ် ဒီမိုကရေစီတန်ဖိုးများကို မြှင့်တင်ခြင်းပြီး ဖက်ဒရယ်ယဉ်ကျေးမှုကိုလည်း တပြိုင်နက်တည်ဆောက်ခြင်းဖြစ်သည်။

မိုးသန်